မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၉၉)

ကမ္ဘာ့အကြီးဆုံး RCC တမံတွင်ပါဝင်

ရဲရွာရေအားလျှပ်စစ်စီမံကိန်း၌ တည်ဆောက်လျက်ရှိသည့် RCC တမံမှာ ကမ္ဘာပေါ်ရှိ အကြီးဆုံး RCC တမံများတွင် တစ်ခုပါဝင်မည့် RCC တမံကြီးဖြစ်၊

လျှပ်စစ်ဓာတ်အားထုတ်ယူရရှိမည့် ရေအရင်းအမြစ်များကို စူးစမ်းလေ့လာ
မြစ်ငယ်မြစ် ရေအားလျှပ်စစ်စီမံကိန်း တိုးချဲ့ဖြစ်ပေါ်လာအောင်ဖော်ဆောင်
ဓာတ်အားလိုင်းသုံးပစ္စည်းများ ပြည်တွင်း၌ပင်ထုတ်လုပ်နိုင်အောင်ကြိုးပမ်း

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမည့် မဟာဓာတ်အားလိုင်းစနစ် အချိန်ကိုက်ပြီးစီးရန်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပင်မကွန်ကရစ်တမံတည်ဆောက်ရာတွင် အသုံးပြုသည့် ခေတ်မီစက်ပစ္စည်းကိရိယာများ၊ RCC ကွန်ကရစ်နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် (၃၁)မိုင်အကွာ မြင်ငယ်မြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနအမှတ်(၂) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၁၀ နာရီတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** *

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

ရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် အာနိသင်ထက်မြက်သည့်ဆေးဝါးများ ကြိုးပမ်းထုတ်လုပ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)နှင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ ဧပြီလ ၁၉ရက်နေ့က သွားရောက်ပြီး လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့သည်။

ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)နှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လမ်းညွှန်ရာတွင်–

> **"မိမိတို့စက်ရုံများမှ ထုတ်လုပ်သည့် ဆေးဝါးများ၏ အရည်အသွေး အဆင့်အတန်း အစဉ်မြင့်မားနေအောင် စနစ်ရှိရှိ ဆန်းစစ်သုံးသပ်ထုတ်လုပ်သွားရန်ဖြစ်ကြောင်း၊ ပြည်သူများအတွက် အားကိုးအားထားပြုရသည့် ခေတ်မီ၊ အဆင့်မီဆေးဝါးများဖြစ်အောင် တာဝန်ရှိသူများအနေဖြင့် ဆေးဝါးများ၏အကျိုးအာနိသင်နှင့် ဘေးထွက်အကျိုးသက်ရောက်မှုတို့ကို အမြဲမပြတ်လေ့လာညှိနှိုင်း ဆွေးနွေးရန်လိုကြောင်း"**

မှာကြားခဲ့သည်။

၂၀၀၇ခုနှစ် မေလတွင် ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)၏စက်များ ပြည့်စုံစွာ တပ်ဆင်ပြီးစီးမည်ဖြစ်ရာ ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည် စသည့် အမယ်(အမည်)ပေါင်း ၂၁၃မျိုး ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်မည် ဖြစ်ကြောင်းသိရသည်။

ကျန်းမာရေးလုပ်ငန်းတွင် ပညာပေးမှုအပိုင်း၊ ရောဂါကာကွယ်ရေးအပိုင်း၊ ရောဂါကုသရေးအပိုင်း ဟူ၍ အပိုင်းသုံးပိုင်းရှိရာ ဆေးသုတေသနလုပ်ငန်းများသည် အဓိကအရေးကြီးသော အခန်းကဏ္ဍမှ အထောက်အကူ ပြုလျက်ရှိသည်။ ဆေးသုတေသနလုပ်ငန်းများကို ရန်ကုန်မြို့၌သာမက မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းတို့၌ပါ ထိရောက်စွာလုပ်ဆောင်နိုင်ရန် ဆေးသုတေသနဦးစီးဌာနများကို တိုးချဲ့ဖွဲ့စည်းပေးထားခြင်းဖြစ်သည်။

ဆေးသုတေသနလုပ်ငန်းများကို အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိရာ ပထမပိုင်းတွင် အနောက်တိုင်း ခေတ်မီဆေးသိပ္ပံပညာများနှင့် ဆေးဝါးများကို လေ့လာဆန်းစစ်ကာ မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်မည့် ဆေးပညာရပ်များအား လက်တွေ့အသုံးချပြီး နိုင်ငံတကာအဆင့်မီ ဆေးဝါးများ ထုတ်လုပ်သွားရမည်ဖြစ်သည်။ ဒုတိယပိုင်းအနေဖြင့် ဒေသအလိုက် ဖြစ်ထွန်းနေသော သဘာဝ ဆေးဝါးပင်များ၊ ဆေးရွက်များ၊ ဆေးမြစ်များကို အစွမ်းထက်မြက်သည့်ဆေးကောင်းများ ပေါ်ထွက်လာစေရန် သုတေသနပြုလုပ်ဆောင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် ဆေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပညာရှင်များက ပရဆေးကုန်ကြမ်းများကို ဖော်စပ်ပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်စွာပေးစွမ်းနိုင်ရေးအတွက် အာနိသင်ထက်မြက်သော ဆေးဝါးများ ကျယ်ပြန့်စွာ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဆင်းပွဲတွင် သင်တန်းသူများ၏ ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ၊ ထူးချွန်သူများဆုချီးမြှင့်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်း၌ ထူးချွန်ဆုရရှိကြသော သင်တန်းသူများအား ဆုများပေးအပ် ချီးမြှင့်ကာ သင်တန်းဆရာမများ ကိုယ်စား ဆရာမ တစ်ဦးအား ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ နှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း၌ ပြသထားသည့်သင်တန်းသူများချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှု အားပေးခဲ့ကြကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း သင်္ဂဟလမ်းနေ ဦးသာကျော်၏ မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၂၂–၄–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အဆုံးမဲ့ပေးစာ**
- ၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မြတ်ဘုရားဒေသနာ ရုပ်နာမ်ခွဲ၊ ပညတ်ပရမတ်ခွဲ
- ၅း၁၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၅။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၇။ နိုင်ငံတကာသတင်း
- ၆း၁၅ ၈။ မိုးလေဝသသတင်း
- ၆း၂၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၆း၄၀ ၁၀။ လျှပ်တစ်ပြက်
- ၆း၄၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း–၉)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ ကျန်းမာသုတ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ English Premier League ဘောလုံးပွဲ Aston Villa Vs Portsmouth (Live)

ဓမ္မဗျူဟာ(ရွှေကျင်) အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်း

ရန်ကုန် ဧပြီ ၂၁

ပဲခူးတိုင်း ရွှေကျင်မြို့ လေးထပ်ကျောင်းတွင် ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)သည် ဧပြီ ၂၇ရက်နှင့် ၂၈ ရက်များတွင် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်းကို ဓမ္မဒါနပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

လက်ခံယူ

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ၁၂၃ လမ်းနေ ဇနီး ဒေါ်ဥမ္မာနန်းနွေ၊ သမီး ဖွန်ပွင့်တင်မောင်နီ၊ အင်ကြင်းတင်မောင်နီမိသားစုတို့က ဗိုလ်မှူးတင်မောင်နီ(ငြိမ်း) တစ်နှစ်ပြည့်အား ရည်စူး၍ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဘဉာဏ်က လက်ခံယူစဉ်။ (က–ပ)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်စက်ရုံများနှင့်ရုပ်ရှင်ရုံးခွဲတို့ကိုကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ ဂျီတီစီပုံနှိပ်စက်ရုံနှင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဓာတ်လမ်းရုပ်ရှင်ရုံးခွဲတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဂျီတီစီ ပုံနှိပ်စက်ရုံသို့ ရောက်ရှိလာရာ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ စက်ရုံမှူးများနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဂျီတီစီပုံနှိပ်စက်ရုံအတွင်းရှိ ၂၀၀၇–၂၀၀၈ခုနှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ သတ်မှတ်ရာနှုန်းပြည့် ရိုက်နှိပ်ပြီးစီးပြီ ဖြစ်၍ စက်များအား အကြီးစား ပြင်ဆင်မွမ်းမံမှု ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဝန်ကြီးသည် စက်ရုံအတွင်းရှိ သုံးဖက်ဖြတ်ဓားစက်၊ တစ်ဖက်ဖြတ်ဓားစက်များနှင့် စာဖောင်ဆွဲ ဘေးချုပ်စက်များကိုလည်းကောင်း၊ Compacta 2 Unitပတ်လည်ပုံနှိပ်စက်မှ ဖြုတ်ချပြုပြင်မွမ်းမံထားသော စက်အစိတ်အပိုင်းများကိုလည်းကောင်း၊ အကြီးစား ပြင်ဆင်မွမ်းမံမှု လုပ်ငန်းဆောင်ရွက်နေသည့် ကွန်ပက်တာပတ်လည်ပုံနှိပ်စက်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြား၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးသည် ပုံနှိပ်စက်ရုံသင်တန်းခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နံနက်၁၀ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဖိုသိုလစ်သိုပုံနှိပ် စက်ရုံသို့ ရောက်ရှိလာရာ စက်ရုံမှူး ဦးနိုင်အောင်လွင်နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း စာအုပ်ချုပ်ခန်းရှိ အိုဆာကိုခွချုပ်စက်၊ ယိုရှီနိုဘေးချုပ်စက်နှင့် ကော်ကပ်စက်များကို လည်းကောင်း၊ ဗလာစာအုပ် ချုပ်ခန်းအတွင်းရှိ ဗလာစာအုပ်ချုပ်စက်များနှင့် ဓားဖြတ်စက်တို့ကိုလည်းကောင်း၊ ပုံနှိပ်စက်ခန်း(၁) အတွင်းရှိ တိုရှီဘာ(၁)ပတ်လည်စက်မှ အကြီးစားပြင်ဆင်မွမ်းမံရန် ဖြုတ်ချထားသော စက်အစိတ်အပိုင်းဆိုင်ရာ ပစ္စည်းများ၊ ကြံ့ခိုင်ရေးနှင့် သန့်ရှင်းရေးပြုလုပ်ပြီး စက်အစိတ်အပိုင်းများ ပြန်လည် ပြုပြင် တပ်ဆင်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးသည် ပုံနှိပ်စက်ခန်း(၂)အတွင်းရှိ တစ်ရွက်ချင်းရွက်ထိုးစက်(Solna-230)၊ စာအုပ်ချုပ်ခန်း(၁)အတွင်းရှိ Wohlenberg ဓားဖြတ်စက်များ၊ တိုရှီဘာပတ်လည်စက်(၂)၊ ပန်းချီပုံပြင်ခန်း(Arts&Layout Room)၊ ဓာတ်ပုံခန်း၊ ပုံကူးခန်း Plate Making Roomအတွင်းရှိ ပုံဖော်စက်နှင့် ပုံကူးစက်များ၊ စာအုပ်ချုပ်ခန်း(၂)၊ စက်မှုလက်မှုခန်း၊ ဝန်ထမ်းများနားနေခန်းနှင့် ပလိတ်သွေးခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများနှင့်စက်ရုံမှူးတို့က လိုက်လံရှင်းလင်း ပြသကြပြီး ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးက ပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံ ဆွေးနွေးမှာကြားရာ ရှေးဦးစွာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးနှင့် အကြံပေးပုဂ္ဂိုလ် ဦးကျော်သူတို့က ပုံနှိပ်လုပ်ငန်းသုံးစက်များ အကြီးစားပြင်ဆင်မွမ်းမံမှုလုပ်ငန်းဆောင်ရွက်နေမှုနှင့် စက်စွမ်းအားပြည့်ရိုက်နှိပ်ဖြန့်ချိနေမှုတို့ကိုလည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ (ငွေစာရင်း)ဒေါ်ယဉ်ယဉ်ရွှေကဝန်ထမ်း သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံအားပေး

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများအား အမှာစကားပြောကြားရာ၌ နိုင်ငံတော်က ဝန်ထမ်းများအတွက် နှစ်သစ်ကူး ရုံးပိတ်ရက် ၁၀ရက် သတ်မှတ်ပေးထားသဖြင့် ယခုနှစ်သည် ဝန်ထမ်းများအတွက် ထူးခြားသော နှစ်သစ်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နှစ်ဟောင်းက ချွတ်ယွင်းချက်၊ အားနည်းချက်များကို သကြၤန်ရေနှင့်အတူဆေးကြောသန့်စင်ပြီး၍ ယခုနှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ အားမာန်သစ်များဖြင့် နိုင်ငံတော်နှင့် လူမျိုးအကျိုး၊ ဌာနအကျိုးအတွက်ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ကြစေရန် မိမိလာရောက် တွေ့ဆုံအားပေးခြင်းဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မိမိတို့ဌာနအတွင်းရှိ ကိုင်တွယ်အသုံးပြုနေရသည့် စက်များသည် တန်ဖိုးကြီးမားသော်လည်း နှစ်ပေါင်းကြာမြင့်ပြီဖြစ်၍ ချွတ်ယွင်းမှုများဖြစ်ပေါ်လာကြောင်း၊ သို့ရာတွင် ဝန်ထမ်းများ၏လုပ်ငန်းအပေါ် စေတနာထားမှု၊ သံယောဇဉ်ရှိမှု၊ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် စီမံကိန်းရည်မှန်းချက်များပြည့်မီအောင်၊ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်သည်ကို တွေ့မြင်ရကြောင်း။

မိမိတို့၏ပုံနှိပ်စက်များကို ၂၀၀၇–၂၀၀၈ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းသုံး ဖတ်စာအုပ်များကို အချိန်မီရိုက်နှိပ်ပြီးစီးပြီဖြစ်၍ ယခုလို အကြီးစားပြင်ဆင်မွမ်းမံရာတွင် အရည်အသွေးကောင်းအောင်၊ ရေရှည်အသုံးပြုနိုင်အောင်၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်အောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ တာဝန်ရှိသူအဆင့်ဆင့်ကလည်း ကြပ်မတ်စစ်ဆေး၍လိုအပ်သည်များကို ကူညီပံ့ပိုးပေးရန် လိုကြောင်း။

စက်များကို ကိုင်ကွယ်အသုံးပြုသည့်ဝန်ထမ်းများကလည်း ဂရုတစိုက်အသုံးပြု ထိန်းသိမ်းကြရန်လိုကြောင်း၊ စက်ခန်း၏အသွင် သဏ္ဍာန် ၊ စက်ရုံ၏ အသွင်သဏ္ဍာန်နှင့် ဝန်ထမ်းအိမ်ရာများ၏ အသွင်သဏ္ဍာန်များကို ယခုထက်ပိုကောင်းအောင် ဆောင်ရွက်ကြစေလိုကြောင်း။

အသွင်သဏ္ဍာန်ကောင်းမှ အနှစ်သာရကောင်းမည်ဖြစ်ကြောင်း၊ စက်ရုံ၏ အသွင်သဏ္ဍာန်နှင့် ဝန်ထမ်း၏ စိတ်ပိုင်းဆိုင်ရာတို့ဆက်စပ်နေကြောင်း။

ပုံနှိပ်စက်များကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ရာတွင် အပေါ်ယံကောင်းမွန်ပြီး စက်လည်ပတ်နိုင်သည့် အဆင့်အထိ ပြင်ဆင်မွမ်းမံသည်မဟုတ်ဘဲ ရေရှည်အပျက်အစီးနည်း၍ စက်စွမ်းအားပြည့် လည်ပတ်နိုင်သည်အထိ စက်အတွင်းပိုင်းများကို ဂရုတစိုက် ပြင်ဆင်ရန် အရေးကြီးကြောင်း။

ဖြီးခြံချွေတာ

အကြီးစား ပြုပြင်မွမ်းမံရာတွင် လိုအပ်သော စက်အရန်ပစ္စည်းများကို ပြည်တွင်းဖြစ် စက်အရန် ပစ္စည်းများဖြင့်သာ အစားထိုး လဲလှယ်တပ်ဆင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းဌာနတူအချင်းချင်း ပူပေါင်းညှိနှိုင်း၍ စက်တစ်ခုချင်းစီ၏ လိုအပ်သော ပစ္စည်းများ စက်အစိတ်အပိုင်း နမူနာများကို တစ်နေရာတည်းတွင် ခင်းကျင်းစုစည်း၍ စက်မှုလုပ်ငန်းရှင်များအား ခေါ်ယူပြသညှိနှိုင်းကာ တီထွင်ထုတ်လုပ်တပ်ဆင်အသုံးပြုနိုင်ခြင်းဖြင့် နိုင်ငံခြားငွေကုန်ကျမှု သက်သာ၍ ဖြီးခြံချွေတာနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

တိုးချဲ့ဆောင်ရွက်

စက်ရုံမှူးများကလည်း ဝန်ထမ်းများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် ဝန်ထမ်းသားသမီးများ၏ ပညာရေးကိုလည်း လိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးအတွက် သက်ဆိုင်ရာအရာရှိများကို ခန့်ထားတာဝန်ပေးအပ်ပြီး စက်ရုံဝင်းအတွင်း၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမို တိုးချဲ့လုပ်ဆောင်ကြစေလိုကြောင်း။

ယခုအခါ ပူပြင်းခြောက်သွေ့သော ရာသီသို့ရောက်ရှိနေပြီဖြစ်၍ မီးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအစီအမံများ ချမှတ်ဆောင်ရွက်ရန်နှင့် တာဝန်ရှိသူ အဆင့်ဆင့်တို့က ကြပ်မတ်ကွပ်ကဲကြရန်၊ စက်ရုံဝင်းအတွင်းအပြင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ကြရန် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဓာတ်လမ်းရုပ်ရှင်ရုံးခွဲသို့ရောက်ရှိကြပြီး Optical Recording Roomရှိ ပြည်ပမှမှာယူထားသော ဒစ်ဂျစ်တယ် စတီရီယို အသံကူးပြောင်းစက်၏ စက်ပစ္စည်း အစိတ်အပိုင်းတချို့ ရောက်ရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် Color Processing Room ရှိ အာရီဆေးရောင်စုံပေါ့စတစ်ဖလင်နှင့်နဂ္ဂတစ်ဖလင်ဆေးစိမ်စက်များ၊ Analyzer Roomရှိ အရောင် ညှိ–အရောင်ခွဲစက်၊ Printer Room ရှိ ရောင်စုံဖလင်ကားကူးစက်နှင့် Black & White Processing Roomရှိ အဖြူ/အမည်း ဖလင် ဆေးစိမ်စက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး ဝန်ကြီးက လုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်းများကိုမှာယူတင်သွင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် စက်သစ်များဖြစ်ရေး၊ ခေတ်မီစက်ပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို နားလည်တတ်ကျွမ်းအောင် လေ့လာ၍ ဂရုတစိုက် ထိန်းသိမ်း ကိုင်တွယ် အသုံးပြုရေး၊ ဓာတ်လမ်း ရုပ်ရှင်ရုံးခွဲအတွင်းရှိ စက်ခန်းများ၊ ရုံးခန်းများနှင့် ဝန်ထမ်းအိမ်ရာများ မီးဘေးအန္တရာယ်မဖြစ်ပေါ်ရေးအတွက် စီမံချက်များ ထားရှိဆောင်ရွက်ရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် ရုံးဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဗဟန်းမြို့နယ် အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးချုပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ ၁နာရီတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုံးချုပ်မှ ပြန်လည် ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဂျီတီစီ ပုံနှိပ်စက်ရုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အောင်ဆန်း ဂျီတီစီပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖိုတိုလစ်သို ပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းစွမ်းဆောင်မှုအောင်ပွဲ(သို့မဟုတ်) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလှုပ်ရှားမှု၏ အသီးအပွင့်များ

ယခင်က ရွှေတြိဂံဟုဆိုလျှင် မသိသူရှားလှပါ၏။ လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွှန့်တုံးအောင် လုပ်ဆောင်နိုင်စွမ်းသည့် အန္တရာယ်အဆိပ်ပင်၊ အဆိပ်သီးဖြစ်သည့် ဘိန်းထွက်ရှိရာ ကမ္ဘာ့အကြီးဆုံး သေမင်းတမန်ဌာနချုပ်အဖြစ် လူသိများနေခြင်းသာ ဖြစ်ပါသည်။ စင်စစ်အားဖြင့် ဘိန်းသည် ရွှေတြိဂံနယ်မြေ၏ ပင်ရင်းထွက်ကုန် အစစ်အမှန်တော့မဟုတ်။ ဗုဒ္ဓဘာသာ မြန်မာတို့သည် ဘာသာရေးအရရော အစဉ်အဆက်အားဖြင့်ပါ သုရာမေရိယအနွယ်ဝင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ကုန်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ခြင်းကို ရွံရှာစက်ဆုပ်စွာ ရှောင်ရှားခဲ့ကြသည်။ မူးယစ်စေတတ်သောပစ္စည်းကို ရောင်းဝယ်ခြင်းသည် မည်မျှအကျိုးအမြတ်ကြီးသည့် စီးပွားရေးလုပ်ငန်းပင် ဖြစ်စေကာမူ သမာအာဇီဝလုပ်ငန်းမဟုတ်ကြောင်း ဘာသာရေးအသိ၊ လူမှုရေးအသိများဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်စစ်စစ်တို့က ရှောင်ရှားကြခြင်းဖြစ်သည်။

သို့သော် နယ်ချဲ့ဗြိတိသျှလက်အောက် ကျရောက်ခဲ့ရသည့်ကာလများမှစ၍ နယ်ချဲ့တို့သည် မြန်မာနိုင်ငံအား ကျွန်သက်ရှည်စွာ ထိန်းချုပ်နိုင်ရေးအတွက် ဘိန်းကိုမဟာဗျူဟာမြောက် စစ်ရေးလက်နက်ကိရိယာတစ်ခုအဖြစ် ရိုးသားဖြူစင်လှသော ဒေသခံတိုင်းရင်းသားတို့အပေါ် ကောက်ကျစ်စွာ အသုံးချခဲ့ကြရာမှ ဘိန်းစားခြင်းအလေ့အထနှင့် ဘိန်းစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ခြင်းတို့သည် မြန်မာ့လူ့ဘောင်အတွင်းသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာခဲ့ကြသည်ဟု ဆိုရပါမည်။

ထိုသို့သော သမိုင်းမလှသည့် ဖြစ်စဉ်များဖြင့် မြန်မာ့လူ့ဘောင်အတွင်း ဝင်ရောက်နေရာယူကာ အမည်ဆိုးဖြစ်ပေါ်စေခဲ့သည့် ဘိန်းစိုက်ပျိုးရောင်းဝယ်သုံးစွဲခြင်းဓလေ့ဆိုးကို အပြီးတိုင်ပျောက်ကွယ်သွားစေရန် လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက်တွင် ကြိုးပမ်းခဲ့ကြသည်။ အထူးသဖြင့် ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းချပြီး စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုအပိုင်းများကို လျော့နည်းကျဆင်းအောင် ဆောင်ရွက်ရုံမျှသာမက တားဆီးနှိမ်နင်းရေး အပိုင်းကိုလည်း အလေးပေးဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုများရရှိခဲ့သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားအထူးဒေသ(၄)ကို ၁၉၉၇ခုနှစ် ဧပြီလ ၂၂ရက်နေ့၌ ဘိန်းပပျောက်ကြောင်း ကြေညာနိုင်ခဲ့သည်။ ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့် အထူးဒေသ(၁)တွင် တရားမဝင် ဘိန်းစိုက်ပျိုးမှုကို ၂၀၀၃ ခုနှစ်မှစ၍ ရပ်ဆိုင်းခဲ့ပြီး အထူးဒေသ(၂) ‘ဝ’နယ်မြေ၌ ဘိန်းစိုက်ပျိုးမှုရပ်ဆိုင်းကြောင်းနှင့် ဘိန်းကင်းစင်နယ်မြေဖြစ်ကြောင်း ၂၀၀၅ ခုနှစ် ဇွန်လတွင် ကြေညာနိုင်ခဲ့သည်။

မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့၏ ပြည်တွင်းအင်အားသက်သက်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စွမ်းဆောင်ကြိုးပမ်းလျက်ရှိရာ ထူးခြားစွာ တိုးတက်အောင်မြင်မှုများ ရရှိနေသည်။ သို့ရာတွင် အနောက်အုပ်စုနိုင်ငံကြီးအချို့နှင့် မီဒီယာများက ထိုအချက်များကို မျက်ကွယ်ပြုလျက် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ရောင်းဝယ်ထုတ်လုပ်မှုကို လျစ်လျူရှုထားသဖြင့် ရွှေတြိဂံ၏ဘိန်းထုတ်လုပ်မှုမှာ ကမ္ဘာတွင်ဒုတိယအများဆုံးဖြစ်ကြောင်း၊ အနောက်ဥရောပဈေးကွက်သို့ မူးယစ်ဆေးဝါးများ ရောက်ရှိစေမှု၏ လက်သည်ဖြစ်ပြီး ၎င်းတို့လူငယ်ထုကို အန္တရာယ်ပြုခြိမ်းခြောက်နေသော ပြဿနာများ၏ တရားခံဖြစ်ကြောင်း အစဉ်စွပ်စွဲပုတ်ခတ်ခဲ့ကြသည်။ အမှန်အားဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များ ထိရောက်အောင်မြင်မှုရှိနေမှန်းသိပါလျက် ထိုသို့ စွပ်စွဲနေခြင်းမှာ လူသားမျိုးနွယ်တို့၏ အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ဝိုင်းဝန်းပံ့ပိုးကူညီရမည်ကို မသိ၍ မဟုတ်ဘဲ ထိုပြဿနာကို နိုင်ငံရေးလက်နက်အဖြစ် ပြောင်းလဲရှုမြင် အသုံးချနေခြင်းသာ ဖြစ်သည်။ သို့သော် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွင် မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေကြသည့် သမာသမတ်ရှိသော နိုင်ငံတကာ အဖွဲ့အစည်းများလည်း ရှိနေပါသည်။ ထိုအဖွဲ့အစည်းတို့၏ လက်တွေ့လေ့လာရှုမြင်သုံးသပ်မှုများက မြန်မာနိုင်ငံ၏ အခြေအနေကို ပကတိအတိုင်း မြင်သာအောင် မီးမောင်းထိုးပြနိုင်သည်ဟု ဆိုရပါမည်။

ယင်းတို့အနက် မကြာသေးမီက ထုတ်ပြန်ခဲ့သော ၂၀၀၇ခုနှစ် UNODC ၏ အစီရင်ခံစာမှာ ထင်ရှားသော သာဓကဖြစ်သည်။ ၂၀၀၇ခုနှစ် အစီရင်ခံစာသည် ၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်မှုများကို ပြန်လည်စိစစ် သုံးသပ်ဖော်ပြထားခြင်းဖြစ်ပေရာ ထိုအစီရင်ခံစာအရ ၂၀၀၆ခုနှစ်အထိ ရွှေတြိဂံနယ်မြေ၏ ပကတိအခြေအနေကို ရှင်းလင်းစွာ သိမြင်နိုင်ပေသည်။

အစီရင်ခံစာ၌ ယခင်က ကမ္ဘာ့ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံး နိုင်ငံဖြစ်ခဲ့သော မြန်မာနိုင်ငံသည် ၂၀၀၆ခုနှစ်တွင်လည်း ဘိန်းထုတ်လုပ်မှု ဆက်လက်ကျဆင်းခဲ့ကြောင်း၊ UNODC က ထိုဒေသတွင် လူထုအခြေပြု စီမံကိန်းလုပ်ငန်းများ၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေး၊ ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီထောက်ပံ့ ဆောင်ရွက်ခဲ့ကြောင်း၊ UNODC ၏ ၂၀၀၆ခုနှစ် ရွှေတြိဂံဒေသ ဘိန်းခင်းတိုင်းတာရေးစီမံချက်အရ မြန်မာ၊ လာအိုနှင့်ထိုင်းနိုင်ငံတို့တွင် ၂၀၀၅ခုနှစ် ဘိန်းထုတ်လုပ်မှုနှင့် ယှဉ်ပါက ၂၉ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ မြန်မာ နိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ၃၄ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဟက်တာ ၂၁၅၀၀သာ ရှိကြောင်း၊ ၁၉၉၈ခုနှစ်တွင် ဟက်တာ ၁၃၀၃၀၀ရှိခဲ့ရာ ၈၃ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဘိန်းစိုက်ပျိုးမှု အများဆုံးဖြစ်သော ‘ဝ’ အထူးဒေသ(၂)အား ဘိန်းကင်းမဲ့ဒေသအဖြစ် ကြေညာနိုင်ခဲ့ကြောင်း၊ ၂၀၁၄ခုနှစ်တွင် ဘိန်းကင်းမဲ့သော ဒေသဖြစ်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ စီမံကိန်းအရ ပထမငါးနှစ်ကာလ ၂၀၀၅ခုနှစ် ဇွန်လအတွင်း ဒေသခံအာဏာပိုင်များက ဘိန်းတားမြစ်ပိတ်ပင်နိုင်မှု အကျိုးရလဒ်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထက်ခေါ်

ထို့အပြင် UNODC သည် ဘိန်းအစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိန်းစိုက်တောင်သူများကို ကူညီထောက်ပံ့လျက်ရှိရာ ကိုးကန့်နှင့် ‘ဝ’အထူးဒေသများတွင် စားနပ်ရိက္ခာ၊ စီးပွားရေးအခြေခံ လုပ်ငန်းများနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများ အပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ထောက်ပံ့ကူညီလျက်ရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်မြေဟက်တာ ၈၀ကို ရေပေးဝေနိုင်သည့် နမ့်ဟူးဆည်မြောင်းကို ဟိုတောင်းမြို့နယ်တွင် ၂၀၀၅ခုနှစ်၌ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၂၀၀၆ခုနှစ်၌ မိုင်းပေါက်ဒေသတွင် ဆည်ရေသွင်းစပါး စိုက်ပျိုးမှုသည် ၇၈၅ဟက်တာ ရှိလာခဲ့သဖြင့် ၁၉၉၉ခုနှစ်ကထက် ၂၁ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဘိန်းခင်းများဖျက်ဆီးမှုကို ရှောင်ရှားရန်အတွက် ရာသီချိန်ပြင်ပ ဘိန်းစိုက်ပျိုးခြင်းကို မြို့နယ်သုံးမြို့နယ်တွင် ပြုလုပ်ကြောင်း သတင်းရရှိခဲ့သည်။ ယခင်က ဘိန်းအများဆုံး စိုက်ပျိုးသည်ဟု နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် လျှပ်တစ်ပြက် စစ်တမ်းကောက်ယူခဲ့သည်။ မြန်မာနိုင်ငံအစိုးရနှင့် UNODC တို့၏ ဘိန်းစိုက်ပျိုးမှုတိုင်းတာချက်များအရ စိုက်ပျိုးမှု မတွေ့ရှိခဲ့ပေ။ ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း မိုင်းပေါက်နှင့် ဝိန်းကောဒေသများမှ မြို့နယ် ငါးမြို့နယ်၌ မူးယစ်ဆေးစွဲသူများအတွက် ဆေးဖြတ်ပေးခြင်းနှင့် ပြုစုကုသရေးလုပ်ငန်းများကို ‘ဝ’ ဒေသမူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေး အစီအစဉ်အဖြစ် UNODC က ဆောင်ရွက်ပေးခဲ့ရာ မူးယစ်ဆေးဖြတ်ပြီးသူ ၁၀၀၀ကျော်ရှိခဲ့သည်ဟု သိရှိရပါသည်။

ထို့အပြင် ရန်ကုန်မြို့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေရေးဆွဲရေးအမျိုးသားနှီးနှောဖလှယ်ပွဲတစ်ခု ကျင်းပခဲ့ရာ လူမှောင်ခိုကုန်ကူးခံရသူများနှင့် မျက်မြင်သက်သေများအား အကာအကွယ်ပေးရေး၊ ပြည်ပရောက်လူမှောင်ခိုကုန်ကူးခံရသူများအား မိခင်နေရပ်သို့ ပြန်လည်ရောက်ရှိစေရန် အကူအညီပေးရေးတို့အတွက် အမျိုးသားရေးလုပ်ငန်းစီမံချက်ရေးဆွဲရန် အတည်ပြုနိုင်ခဲ့ကြောင်း၊ UNODC၏ ကူညီထောက်ပံ့မှုအရ နယ်စပ်ဒေသဆက်ဆံရေးရုံးများဖွင့်လှစ်နိုင်မှုသည် ဒေသအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခဲ့ကြောင်းနှင့် ဗန်ကောက်မြို့ UNODC ရုံး၊ မြန်မာနိုင်ငံ UNODC ရုံးနှင့် မဲခေါင်ဒေသခွဲဆိုင်ရာကုလသမဂ္ဂ၏ လူမှောင်ခိုကုန်ကူးတိုက်ဖျက်ရေးဆိုင်ရာသင်တန်းကို နယ်စပ်ဒေသအရာရှိများအတွက် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

UNODC သည် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်း၍ သွေးကြောအတွင်း မူးယစ်ဆေးဝါးထိုးသွင်းသုံးစွဲမှုကြောင့် HIV/AIDS ရောဂါဖြစ်ပွားမှုဆိုင်ရာ အမျိုးသားမဟာဗျူဟာ စီမံချက်တစ်ခုကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အမျိုးသား AIDS လုပ်ငန်းအစီအစဉ်ကို အားဖြည့်ဆောင်ရွက်ခဲ့သည်။ ဩဂုတ်လအတွင်းက လူထုအခြေပြု မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေး စီမံကိန်းကို လားရှိုးမြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ သိန္နီနှင့် တာချီလိတ်မြို့နယ်များတွင် မူးယစ်ဆေးစွဲသူများကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းနှစ်ခု ဖွင့်လှစ်နိုင်ခဲ့သည်။ HIV/AIDS ရောဂါ တားဆီးကာကွယ်ရေးစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လေ့ကျင့်အသိပညာပေးဆွေးနွေးမှုများကို ရဲဗဟိုလေ့ကျင့်ရေးဌာန ရဲလေ့ကျင့်ရေးသင်တန်းကျောင်းသုံးခုနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှစ်ခုတို့တွင် ပြုလုပ်ခဲ့သည်ဟု ဖော်ပြထားပါသည်။

အလားတူပင် ၁၉၉၀ အလယ်ပိုင်းကာလနှစ်များတွင် လာအိုနိုင်ငံသည် ဘိန်းထုတ်လုပ်မှု တတိယအများဆုံးနိုင်ငံဖြစ်ခဲ့ရာမှ ယခုအခါ ဘိန်းထုတ်လုပ်မှုမှာ သိသိသာသာကျဆင်းလာခဲ့ကြောင်းကိုလည်း ဖော်ပြထားပါသည်။

ဘိန်းထွက်ရှိရာဒေသအဖြစ် နာမည်ဆိုးဖြင့် ကျော်ကြားနေသော ရွှေတြိဂံဒေသသည် မြန်မာနိုင်ငံ၏ နယ်စွန်နယ်ဖျားဒေသဖြစ်သဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းချက်များသည် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ခွဲခြားမရလောက်အောင် တစ်ဆက်တစ်စပ်တည်းဖြစ်နေပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရည်မှန်းချက်(၅)ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့သည်။ အဆိုပါ ရည်မှန်းချက် (၅)ရပ်အပြင် နယ်စပ်ဒေသစီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းစေရန်ဆိုသော အချက်တစ်ရပ်ကို မူဝါဒအဖြစ် ထည့်သွင်းဆောင်ရွက်ခဲ့ပေသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉-၂၀၁၄ခုနှစ်အထိ ၁၅နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ထိုစီမံကိန်း မစတင်မီ ၁၉၈၉ခုနှစ်ကတည်းကပင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ကြိုတင်ဆောင်ရွက်ခဲ့သည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဘိန်းစိုက်ပျိုးရာဒေသများ၏ လူမှုရေး၊ စီးပွားရေး၊ အခြေခံ အဆောက်အအုံများကို အထူးဦးစားပေး တည်ဆောက်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသရှိ ဘိန်းစိုက်တောင်သူများအတွက် အခြားစီးပွားရေး အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှုများ သိသိသာသာ လျော့နည်းကျဆင်းခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြဿနာရပ်ကို အခြေခံကျကျဖြေရှင်းခဲ့ခြင်းကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကာလအတွင်း မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်

စာမျက်နှာ ၅ ကော်လံ ၁ သို့

အနောက်အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်များကို မျက်ကွယ်ပြုရုံမျှသာမက နိုင်ငံတော်အား ဆန့်ကျင်နေကြသည့် အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူများအား မြှောက်ထိုးပင့်ကော်လုပ်နေကြခြင်းသည် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုကြီးထွားလာအောင် အားပေးဆောင်ရွက်နေခြင်းသာဖြစ်။

လူသားမျိုးနွယ်အားလုံး၏ အန္တရာယ်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို လျစ်လျူရှုထားသည်ဟု မြန်မာနိုင်ငံအား အခြားတစ်ဖက်က စွပ်စွဲနေကြသူများ၏ လက်တွေ့လုပ်ရပ်သည် ကမ္ဘာကြီးတစ်ခုလုံးအား ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးအန္တရာယ် ပိုမိုကြီးထွားလာအောင် လုပ်ဆောင်နေခြင်းသာဖြစ်သည်ဟု ဆိုရမည်။

22-4 (04) 1 4/22/07, 2:24 PM

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

မှုသည် အရှိန်အဟုန်ဖြင့် ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံ Counter Narcotic & Crime (CNC) နှင့် ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း တိုင်းတာခဲ့သည့် စာရင်းဇယားများအရ ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုသည် ၁၉၉၆ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၄ခုနှစ်တွင် ၈၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဘိန်းထုတ်လုပ်မှုတွင် ၈၈ ရာခိုင်နှုန်း လျော့နည်း ခဲ့ကြောင်း တွေ့ရှိရသည်။ ဤသို့ ကိန်းဂဏန်းဖြင့် လက်ဆုပ်လက်ကိုင် အတိအကျမြင်တွေ့သိရှိနေပါလျက် နိုင်ငံကြီးအချို့က ကျားကျားမီးယပ် လုပ်နေခြင်းမှာ လူသားချင်းစာနာထောက်ထားမှုစိတ်ဓာတ် ခေါင်းပါးခြင်းကြောင့်ဟုသာ ဆိုရပါမည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု ကျဆင်းပပျောက်ရေး အတွက် ယခင်က ဘိန်းခင်းများကို လေယာဉ်ဖြင့် ဆေးဖျန်းဖျက်ဆီးခြင်း၊ စစ်ဆင်ရေးကြီးများဖြင့် တားဆီးနှိမ်နင်း ဖျက်ဆီးခြင်းများကို ဖိဖိစီးစီး ပြင်းပြင်းထန်ထန် ဆောင်ရွက်ခဲ့သော်လည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းခဲ့ခြင်းမရှိပေ။ ယခုကဲ့သို့ အနာနှင့်ဆေး တည့်ပြီး ဘိန်းစိုက်တောင်သူများအတွက် အခြေခံကျလှသည့် လိုအပ်ချက်များဖြစ်သော ဒေသဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ပေးလိုက်သည့်အခါ ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့် အခြားစီးပွားရေး အခွင့်အလမ်းများ ပေါ်ပေါက်လာသည်။ ထို့အပြင် အခြားတစ်ဖက်တွင်လည်း မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို နယ်စပ်ဒေသတိုင်းရင်းသားများအကြား အသိပညာပေးမှုများ ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသာလျော့နည်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ငါတကောကောနေကြသော နိုင်ငံကြီးတို့အနေဖြင့် အထူးစဉ်းစားသင့်သော အချက်တစ်ခုမှာ ၂၀၀၇ ခုနှစ် UNODC ၏ အစီရင်ခံစာအရ ၂၀၀၆ ခုနှစ်တွင် အာဖဂန်နစ္စတန်၏ ဘိန်းထုတ်လုပ်မှုသည် တန်ပေါင်း ၆၁၀၀ အထိ စံချိန်တင်ခဲ့သဖြင့် ကမ္ဘာ့ ထုတ်လုပ်မှု၏ ၉၂ ရာခိုင်နှုန်းရှိပြီး ထုတ်လုပ်မှု ၄၉ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ အထူးသဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ အာဖဂန်နိုင်ငံတောင်ပိုင်းတွင် တစ်ဟုန်ထိုးမြင့်မားလာ၍ ၂၀၀၅ခုနှစ်ထက် ၆၀ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့သည်။ ထို့အပြင် ၂၀၀၆ခုနှစ် ဘိန်းစိုက်ပျိုးမှုသည် ဟက်တာ ၁၆၅၀၀၀ ရှိခဲ့ပြီး ကမ္ဘာ့သုံးစွဲမှု၏ ၃၀ရာခိုင်နှုန်းဖြစ်သည်။ Helmand ပြည်နယ်တစ်ခု တည်းမှာပင် ဘိန်းစိုက်ပျိုးမှုမှာ ၂၀၀၅ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၆၂ ရာခိုင် နှုန်းမြင့်တက်ခဲ့သည်ဟု သိရသည်။ ပြည်နယ် ၃၄ခုရှိသည့် အနက် ခြောက်ခုသာလျှင် ၂၀၀၆ခုနှစ်၌ ဘိန်းကင်းမဲ့ ဒေသအဖြစ် ရောက်ရှိခဲ့သည်။ မူးယစ်ဆေးဝါးမှုခင်းနှင့် အကျင့်ပျက်မှုများသည် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများကိုသာမက အာရှအနောက်ဘက်တစ်လျှောက် အကြမ်းဖက် သောင်းကျန်းမှုများကို အားပေးရာရောက်ကြောင်း UNODC ၏ ၂၀၀၆ခုနှစ် အာဖဂန်နစ္စတန် ဘိန်းတိုင်းတာမှုစစ်တမ်းတွင် ဖော်ပြထားသည်။ အခြားတစ်ဖက်တွင် ပြည်တွင်းသောင်းကျန်းမှုများ မရှိတော့သော လာအိုနိုင်ငံသည် ၂၀၀၆ခုနှစ် ဘိန်းကင်းစင်လုနီးပါးဖြစ်ခဲ့သဖြင့် ၁၉၉၀ အလယ်ပိုင်းကာလနှစ်များက ကမ္ဘာ၌ ဘိန်းထုတ်လုပ်မှု တတိယအများ ဆုံးနိုင်ငံဖြစ်ခဲ့ရာမှ ခုနစ်နှစ်ကာလအတွင်း ဘိန်းထုတ်လုပ်မှု ၉၃ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ထို့ကြောင့် ယခုအခါ လာအိုနိုင်ငံသည် ကမ္ဘာ့ဈေးကွက်သို့ ဘိန်းတင်ပို့သည့်နိုင်ငံ ဖြစ်နိုင်ဖွယ်မရှိတော့ကြောင်း UNODC က သုံးသပ်ထားသည်။

အဆိုပါ အချက်များကို ဆန်းစစ်ပါက ပြည်တွင်းဆူပူသောင်းကျန်းမှုများရှိနေခြင်း၊ အကြမ်းဖက် အဖျက်သမားလှုပ်ရှားမှုများ ရှိနေခြင်း၊ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုမရှိခြင်းတို့သည် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုမြင့်တက်နေခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း ပေါ်လွင်နေပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်နေခြင်းသည် ယခင်က ပြည်တွင်းနိုင်ငံရေးပြဿနာကို လက်နက်စွဲကိုင် ဖြေရှင်းခဲ့ကြ သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံတော်၏ စေတနာနှင့်လုပ်ရပ်အပေါ် အမြင်ကြည်လင်စွာ သဘောပေါက်နားလည်မှုရှိလာကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြလျက် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းခွင်များတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ တက်ညီလက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်နေခြင်းကြောင့် ဖြစ်သည်မှာ ထင်ရှားလျက် ရှိသည်။

နယ်စပ်ဒေသများပါမကျန် အေးချမ်းတည်ငြိမ်မှု ရရှိလာသဖြင့် ယခုအခါ နိုင်ငံတော်အစိုးရသည် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအပြင် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တင်သွင်းလာသော ကုန်ကြမ်းနှင့် ဓာတုဆေးဝါးများကို အသုံးပြုထုတ်လုပ်သည့် မူးယစ်ဆေးဝါးပြဿနာများကိုပါ တားဆီးနှိမ်နင်းနိုင်ရန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်လျက်ရှိသည်။ အထူးသဖြင့် နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန် ဖြစ်စေရေးအတွက် တားဆီးနှိမ်နင်းရေးကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် အနောက်အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်များကို မျက်ကွယ်ပြုရုံမျှသာမက နိုင်ငံတော်အား ဆန့်ကျင်နေကြသည့် အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူများအား မြှောက်ထိုးပင့်ကော် လုပ်နေကြခြင်းသည် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှု ကြီးထွားလာအောင် အားပေးဆောင်ရွက်နေခြင်းသာဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူသားမျိုးနွယ်အားလုံး၏ အန္တရာယ်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို လျစ်လျူရှုထားသည်ဟု မြန်မာနိုင်ငံအား အခြားတစ်ဖက်က စွပ်စွဲနေကြသူများ၏ လက်တွေ့လုပ်ရပ်သည် ကမ္ဘာကြီးတစ်ခုလုံးအား ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးအန္တရာယ် ပိုမိုကြီးထွားလာအောင် လုပ်ဆောင်နေခြင်းသာဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

UNODC ၏ တရားဝင်ထုတ်ပြန်ချက်ကိုကြည့်လျှင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့၏ အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်နေသော မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလှုပ်ရှားမှု၏ အသီးအပွင့်များကို အသိအမှတ်မပြုလိုသူများ၏ ဖုံးကွယ်၍မရသောလုပ်ရပ်အမှားများကို ခိုင်ခိုင်မာမာ တွေ့ရှိရမည်ဖြစ်သည်။ ဤသည်မှာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းစွမ်းဆောင်မှုအောင်ပွဲပင် ဖြစ်သည်။ မည်သည့်အုပ်စု၊ မည်သည့်နိုင်ငံက ကျားကျားမီးယပ်ဟု အော်နေကြသည်ဖြစ်စေ မြန်မာနိုင်ငံကမူ ခနီးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ သတိဝင်လျက်၊ မပျက်မကွက် ဆက်လက်ချီတက်နေမည်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

မြန်မာ့ဘောလုံးလောက ထူးချွန်ထက်မြက်သော ဘောလုံးသမားများမွေးထုတ်ပေးမည့် လူငယ်သွေးသစ်တို့အတွက် နွေရာသီအဆင့်မြင့်ဘောလုံး အားကစားသင်တန်း

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံဘောလုံးလောက တိုးတက်အောင်မြင်မှုကို အထောက်အကူပြုရန် အရည်အသွေးပြည့်ဝသော လူငယ်ဘောလုံးသမားကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နွေရာသီအဆင့်မြင့်ဘောလုံး အားကစားသင်တန်းကို ကြီးမှူးဖွင့်လှစ် သင်ကြားသွားမည် ဖြစ်သည်။

သင်ကြား

အဆိုပါ နွေရာသီအဆင့်မြင့် ဘောလုံးသင်တန်းကို ဧပြီ၂၇ရက်မှ မေ ၂၆ရက်အထိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးကွင်း(၃)နှင့်(၄)တို့တွင် တစ်လကြာဖွင့်လှစ်မည် ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် ကြိုးပမ်းလျက်ရှိရာ အနာဂတ်ကာလတွင် ထူးချွန်ထက်မြက်သော ဘောလုံးသမားများအဖြစ် မြန်မာ့ဘောလုံးလောကကို တစ်ဖန်အထောက်အကူပြုနိုင်ရေးကို ရှေးရှု၍ဖွင့်လှစ်ပေးခြင်းလည်း ဖြစ်သည်။ သင်တန်းသို့ တက်ရောက်ကြမည့် ဘောလုံးကိုချစ် မြတ်နိုးကြသည့် လူငယ်လေးများကို ဘောလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်ကစားနိုင်ရန်၊ ဘောလုံးကို ပိုမိုကျွမ်းကျင်ပိုင်နိုင်စွာ ကစားနိုင်ရန် အနာဂတ်တွင် အရည်အချင်းပြည့်မီသည့် ဘောလုံးသမားကောင်းများ ဖြစ်လာစေရန်အတွက် မြန်မာလူငယ်ဘောလုံးအသင်းများကို ကိုင်တွယ်နေသည့် နည်းပြဆရာများက သင်ကြားပေးမည်ဖြစ်သည်။

လက်ခံသင်ကြားပေးမည်

အနာဂတ် မြန်မာ့ဘောလုံးလောကအတွက် ဘောလုံးသမားကောင်းများအား မွေးထုတ်ပေးမည့် သင်တန်းဟု ခေါ်ဆိုနိုင်သော ယင်းအဆင့်မြင့် ဘောလုံးသင်တန်း၌ သင်တန်းသားများအား အတန်းနှစ်တန်းခွဲ၍ လက်ခံသင်ကြားပေးမည်ဖြစ်သည်။ အသက် ၈၊ ၉၊ ၁၀နှစ်အတန်းနှင့် အသက် ၁၁၊၁၂၊၁၃နှစ်အတန်းဟူ၍ အတန်းနှစ်တန်း ခွဲခြားထားပြီး အမျိုးသား၊ အမျိုးသမီးမရွေး တက်ရောက်နိုင်ကြောင်းသိရသည်။ စည်းကမ်းချက်အနေဖြင့် အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်နှင့် ဘောလုံးအခြေခံကျွမ်းကျင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်ဟု သတ်မှတ်ထားသည်။ အတန်းတစ်တန်းအတွက် ၆၀ သတ်မှတ်ထားပြီး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၂၀တို့အား လက်ခံ သင်ကြားပေးမည်ဖြစ်ပြီး နေ့စဉ်နံနက်၇နာရီမှ ၉နာရီခွဲအထိ သင်ကြားမည်ဖြစ်သည်။

သတင်းဆောင်းပါး-စိုင်းရဲရင့်

ဆက်သွယ်မေးမြန်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် သင်တန်းဝင်ခွင့်လျှောက်လွှာများကို အခမဲ့ထုတ်ပေးမည်ဖြစ်ပြီး ဧပြီ၂၄ရက်နောက်ဆုံးထား၍ အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ အဖွဲ့ချုပ် ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြ၍ ဖုန်း-၅၇၇၃၆၆နှင့် ၅၆၁၅၃၉တို့သို့ အသေးစိတ်ဆက်သွယ်မေးမြန်းနိုင်သည်။

အရှိန်အဟုန်မြှင့်

နိုင်ငံတစ်နိုင်ငံ၏ လက်ရွေးစင် ဘောလုံးအသင်းများ ရေရှည်အောင်မြင်နေရန်မှာ ထိုလက်ရွေးစင်အသင်းမှ ကစားသမားများ အသက်အရွယ်အရ အနားယူသွားလျှင် အစားထိုးနိုင်မည့် လူငယ်ဘောလုံးသမားများ၏ အခန်းကဏ္ဍမှာ အရေးပါလျက်ရှိပါသည်။ မျက်မှောက်ခေတ် ဘောလုံးလောကတွင်လည်း အသက်၂၀ ဝန်းကျင်သာရှိသေးသည့် လူငယ်ဘောလုံးသမားများမှာ ဝါရင့်ကစားသမားများနှင့် အပြိုင် ခြေစွမ်းပြနေကြရာ ၎င်းတို့ကစားနေသည့် ကလပ်အသင်းအပြင် မိခင်နိုင်ငံ လက်ရွေးစင်အသင်းအတွက်ပါ များစွာ အကျိုးရှိလှပေသည်။ ထို့အတူ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှာလည်း နိုင်ငံ့အကြီးအကဲများ၊ အားကစားဝန်ကြီးဌာနတို့၏ ညွှန်ပြမှုကိုခံယူ၍ မြန်မာ့ဘောလုံးလောကတိုးတက်ရေး တစိုက်မတ်မတ် ဆောင်ရွက်နေပြီး အရေးပါသည့် လူငယ်သွေးသစ်တို့ ပေါ်ထွက်လာရေးကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နေခြင်းလည်း ဖြစ်သည်။ မန္တလေးမြို့တွင် တည်ဆောက်နေသည့် ဘောလုံးအကယ်ဒမီကျောင်းမှာ အတော်ပင် ပြီးစီးနေပြီဖြစ်ရာ မကြာမီကာလတွင် လူငယ်ဘောလုံးသမား ဖွံ့ဖြိုးရေး စီမံကိန်းကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်တော့မည်ဖြစ်ပေသည်။

ဧပြီ၂၇ရက်တွင် စတင်ဖွင့်လှစ်တော့မည့် အဆင့်မြင့်ဘောလုံးအားကစားသင်တန်းမှာ ဘောလုံးသမားကောင်းဖြစ်ချင်သည့်သူများနှင့် ဘောလုံးကို အရူးအမူးစွဲလမ်းကြိုက်နှစ်သက်သည့် လူငယ်လေးများကို စိတ်ကူးယဉ်အိပ်မက်မှ တကယ်လက်တွေ့ အကောင်အထည်ဖော်ပေးနိုင်မည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

လှည်းကူး ရွှေဘုန်းပွင့်စေတီလမ်း ကျောက်ခင်းရန်လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၁

လှည်းကူးမြို့ ကံ့ကော်ကျွန်းတောရရိပ်သာကျောင်းတိုက် မဟာသတ္တဌာန ဘုရားများနှင့် ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီကုန်းမြေအရောက် နှစ်မိုင်ရှိသော မြေသားလမ်းကို မြို့နယ်စည်ပင်သာယာမှ ၂၀၀၆-၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပေ ၂၈၀၀၊ ဂဝံကျောက်ခင်းလျက်ရှိရာ မြို့နယ်စည်ပင်သာယာမှ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် အဖွဲ့ဝင်များ လာရောက်ကြီးကြပ် ဆောင်ရွက်ပေးကြသည်။

လှူဒါန်းလိုသူများသည် ဦးအံ့ကူး ဖုန်း ဝ၉-၅၀၀၁၀၈၀၊ ဦးစောမောင်-ဒေါ်လှလှ ဖုန်း-၆၂၉၁၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အဘိဓမ္မာ သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၁

ရန်ကင်းမြို့နယ် အမှတ်(၅) ရပ်ကွက် ရန်အေးလမ်း ဓမ္မိကဓမ္မာရုံတော်ကြီး၌ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်) အဘိဓမ္မာပိဋကမဟာဌာနမှ ကထိကဆရာတော် အရှင်ပဏ္ဍိတ (မဟာဓမ္မာစရိယ၊ M.A; Buddhism)က အခြေခံ အဘိဓမ္မာသင်တန်းများကို ဧပြီ၂၈ရက် (စနေနေ့)မှစ၍ အပတ်စဉ် (စနေ၊ တနင်္ဂနွေနေ့တိုင်း) နံနက်၇နာရီမှ ၁၀ နာရီခွဲအထိ ဓမ္မဒါနသင်ကြား ပို့ချသွားမည်ဟု သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက် ဟော့ပိတ်သတင်း

ဂျာဗားကျွန်း၌ ရထားလမ်းချော်တိမ်းမှောက် လူ ၃၀ကျော် ဒဏ်ရာရရှိခဲ့

ဂျကာတာ ဧပြီ ၂၁

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနောက်ပိုင်း၌ ဧပြီ၂၁ရက်က ခရီးသည်တင်ရထားတစ်စင်း မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လမ်းချော်တိမ်းမှောက်ခဲ့ရာ လူ၃၀ကျော် ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မိုးသည်းထန်

အဆိုပါရထားသည် မြို့တော်ဂျကာတာမှ ဂျာဗားအနောက်ပိုင်းရှိ ဂါရွတ်သို့ထွက်ခွာလာစဉ် လမ်းချော်တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိုးများသည်းထန်စွာ ရွာသွန်း၍ ရထားလမ်းများ ပျက်စီးနေသဖြင့် ယင်းရထားမှာ လမ်းချော်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြင်းထန်

ယင်းရထား တိမ်းမှောက်မှုကြောင့်ဒဏ်ရာရရှိသူများတွင် ၂၆ဦးမှာ ဒဏ်ရာအနည်းငယ်စီသာ ရခဲ့သော်လည်း ငါးဦးမှာ ဒဏ်ရာပြင်းထန်သည်ဟုဆိုသည်။ **(အောက်ပုံ)** **(အင်တာနက်)**

ကန်တပ်ဖွဲ့ဝင်လေးဦး ဘဂ္ဂဒက်၌ တိုက်ခိုက်ခံရပြီးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ တိုက်ခိုက်ရေးသမားများ ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ဧပြီ၂၀ရက်တွင် ပြောကြားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၈ရက်က ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်ရာ၌လည်းကောင်း၊ ကားဗုံးခွဲတိုက်ခိုက်မှုတွင် လည်းကောင်း၊ လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရ၍လည်းကောင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။ (အင်တာနက်)

မုံရွာမြို့ သက်ကြီးပူဇော်ပွဲ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်ပူဇော်ကန်တော့

နေပြည်တော် ဧပြီ ၂၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်) နံနက် ၈နာရီက မုံရွာမြို့သာသာနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်အုန်းနှင့်ဇနီး၊ တပ်မတော် အရာရှိကြီးများ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကန်တော့ခံအဘိုး၊ အဘွားများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရဲမှူးကြီးမြင့်ဝေက သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ပူဇော်ကန်တော့

ထို့နောက်တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ကြပြီး ဆက်လက်၍ အပူဇော်ခံအဘိုး၊ အဘွားများကိုယ်စား အသက် (၉၃)နှစ် အရွယ်ရှိ အဘိုးဦးအေးမောင်က ဆုတောင်းမေတ္တာပို့သသည်။ ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက ဘိုးဘွားများအား အလှူငွေများ၊ ပစ္စည်းများ ထောက်ပံ့လှူဒါန်းကြသည်။ အဆိုပါ အခမ်းအနားသို့ အသက် (၉၀)အထက် အဘိုး၊ အဘွား ၅၀ တက်ရောက်ကြသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ တိုင်းမှူးသည် မုံရွာမြို့ ရွှေစည်းခုံဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

တစ်နေ့တာဆွမ်းဆက်ကပ်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်သို့ ရောက်ရှိပြီး မုံရွာတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များ၏ တစ်နေ့တာ ဆွမ်းကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ကိုးပါးသီလခံယူ

အစီအစဉ်အရ မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ဆရာတော် ဒွိပိဋကရေ၊ ဒွိပိဋကကောဝိဒ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာဝံသထံမှ ကိုးပါးသီလခံယူ တည်ဆောက်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ရေစက်ချအနုမောဒနာ

ထို့နောက် ရန်ကင်းကျောင်းတိုက်ဆရာတော်က ရေစက်ချ အနုမောဒနာတရားတော်ချီးမြှင့်ကာ လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။ ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက်ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၁၃) ညောင်တုန်းလမ်းနေ နှစ်ဖက်သောမိဘများနှင့် ခင်ပွန်းဦးဦးတင် (၁၅နှစ်ပြည့်)နှင့်မိခင်ဒေါ်သီးရွှေ (၃နှစ်ပြည့်)တို့အား ရည်စူး၍ဒေါ်တင်ရီနှင့်သားသမီး၊ မြေး၊ မြစ်တစ်စုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဘဒ္ဒန္တဉာဏိန္ဒ (ဗုဒ္ဓဂယာဆရာတော်) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဗုဒ္ဓဂယာ မြန်မာကျောင်း ပဓာနနာယကဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ဖြဟ္မစိုရ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ကိုးကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)က အသင်းရုံးတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ကျောင်းကုန်းစိုးမြင့်က သက်ကြီး အဘိုး၊ အဘွားများအား အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (၁၉၂)

ဧပြီ၈ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးစဉ်။ (သတင်းစဉ်)

လမ်းဖောက်လုပ်ပြီးစီးမှုစစ်ဆေး၊ ကျေးလက်ဖွံ့ဖြိုးရေးဆွေးနွေး

ရန်ကုန် ဧပြီ ၂၁

မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းမြင့်သည် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများလိုက်ပါသောအဖွဲ့ဖြင့် မတ် ၂၅ရက်နှင့် ၂၆ရက်များက ၃၆မိုင်၊ ခုနစ်ဖာလုံမှ ရွှေအောင်သာအောင် လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။

ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘုရားစခန်း၊ ဝုမ်းခုမ်၊ မရှိန်လှော်၊ဝမ္မသူး၊ ခွီးရိန်၊ တောင်ကုန်း၊ လှေ့ချမ်း၊ စဝ်ကောက်၊ ပီးတူနှင့်မိုင်းကွီးကျေးရွာများသို့ ဆက်လက်သွားရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်မှုများကို ဆွေးနွေးမှာကြားခဲ့သည်။ **(က-ပ)**

ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး) အန္တရာယ်ကင်း ပရိတ်တရားတော်နာယူ

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)၏ မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူ ပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် ညနေ ၃နာရီခွဲက သတင်းစာတိုက်ဝင်းအတွင်း၌ ကျင်းပရာ တောင်ကြီးမြို့စူဠာမုနိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂုဏဝံသလင်္ကာရ (လူမှုထူးချွန်၊ ဒုတိယဆင့်) အမှူးပြုသော သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး စာတည်းဦးနိုင်ထွန်းနှင့် ဝန်ထမ်းများက လှူဖွယ် အစုစု ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။**(က-ပ)**

ပါဠိပထမပြန် စာမေးပွဲကျင်းပ

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့တွင် ပါဠိပထမပြန် စာမေးပွဲကို ဧပြီ ၃ ရက်မှ ၁၀ ရက်အထိ အထက(၁) စာဖြေဌာန၌ ကျင်းပရာ မြို့နယ် သံဃနာယကဆရာတော်များနှင့် သာသနာရေးဦးစီးဌာနတို့က ကြီးကြပ်ဆောင်ရွက်ပေးပြီး ပထမကြီးတန်း၁၂ ပါး၊ ပထမလတ်တန်း ၁၄ ပါး၊ ပထမငယ်တန်း လေးပါး စုစုပေါင်းစာဖြေသံဃာ အပါး ၃၀ ဖြေဆိုကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အထက်မင်းလှ၌ အန္တရာယ်ကင်း ပရိတ်တရားတော်နာ

အန္တရာယ်ကင်း ပရိတ်တရားတော်နာနှင့် အငြိမ်းစား စစ်မှုထမ်းဟောင်းများအား ဂါရဝပြုငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၆နာရီခွဲက မကွေးတိုင်း အထက်မင်းလှမြို့နယ် စစ်မှုထမ်းဟောင်းများ အဖွဲ့ရုံး၌ ကျင်းပရာ သံဃာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်နာ ရေစက်ချပြီး မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ အရာခံဗိုလ်အောင်စိုး(ငြိမ်း)နှင့် အမှုဆောင်များက သက်ကြီးအငြိမ်းစား တပ်မတော်သားများအား ဂါရဝပြုငွေများ ပေးအပ်ကန်တော့ကြသည်။ **(၀၇၆)**

ကျော့သောင်း အထက(၁) ပထမအကြိမ် မြှတ်ဆရာပူဇော်

ကျော့သောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြရတနာခန်းမတွင် ဧပြီ ၈ရက် ညနေ ၄ နာရီက ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြှတ်ဆရာ ပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ ၁၉၉၅ခုနှစ်အထိ ကျော့သောင်းမြို့တွင် ပညာသင်ကြားပေးခဲ့သည့် ဆရာ၊ ဆရာမ ၈၀အား ငွေကျပ် ၅၀၀၀၀နှင့် မြို့နယ်အလိုက် အသွားအပြန်စရိတ်များ၊ကျပ်၅၀၀၀တန် အထိမ်းအမှတ် အင်္ကျီတစ်ထည်စီဖြင့် ပူဇော် ကန်တော့ပြီး မြို့နယ်ပညာရေးမှူး ဦးကြည်မောင်နှင့် ဆရာမကြီး ဒေါ်ခင်မာချိုတို့က ဩဝါဒစကား ချီးမြှင့်ကြောင်း သိရသည်။ (၃၈၉)

ဝန်းသိုမြို့တွင် မီးဘေးကာကွယ်ရေး ပညာပေး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

ကသာခရိုင် ဝန်းသိုမြို့နယ် မီးသတ်ဦးစီးဌာန အရန်မီးသတ်တပ်ဖွဲ့၏ ၂၀၀၇ခုနှစ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မိုးဦးက အမှာစကား ပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းကြည်က မီးဘေးကြိုတင် ကာကွယ်ရန်အတွက် သိသင့်သိထိုက်သည့် ဥပဒေများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးစက်မောင်က မီးလောင်မှု ဖြစ်ပွားစေတတ်သော အကြောင်းအရာများကို ရှင်းလင်းပြီး မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြသကြောင်း သိရသည်။(မြို့နယ်ပြန်/ဆက်)

မြန်မာ့အလင်း

ပြည်တွင်းသတင်း

အတိုအထွာ

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ကလေးမြို့နယ်၌ဖွင့်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးခရိုင်ရုံးက ကြီးမှူးကျင်းပသော အမှတ်စဉ် (၃/၂၀၀၇) စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကလေးမြို့နယ် အရှေ့စည်းကျေးရွာအုပ်စု ဒိုးနွယ်စံပြကျေးရွာတွင် မတ် ၂၁ရက် နံနက် ၉နာရီက အဆိုပါစံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမဆောင်၌ ကျင်းပရာ ဒုတိယ ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်သန်းတို့က အမှာစကား ပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်သင်တန်းသားသင်တန်းသူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်မှူး သင်တန်း စလင်းမြို့နယ်၌ဖွင့်

စလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် စလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာကြည့်တိုက်မှူးသင်တန်းအမှတ်စဉ်(၂/၂၀၀၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းနိုင်၊ ခရိုင်ဦးစီးအရာရှိဦးမြင့်ဆွေနှင့် မြို့နယ်ဦးစီးမှူး ဦးမြင့်မောင်တို့က အမှာစကားပြောကြားသည်။ သင်တန်းသို့ ဌာနဆိုင်ရာနှင့် ရပ်ကွက်ကျေးရွာအုပ်စုများမှ စာကြည့်တိုက်မှူး သင်တန်းသား ၁၀၀ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းခြံမြို့၌ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲဖွင့်

မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၀၇ခုနှစ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီက မြင်းခြံမြို့နယ် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းရွှေက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ (၄၀၂)

မီးသတ်စက်နှင့် တူညီဝတ်စုံပေးအပ်

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် အောင်ချမ်းသာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မီးသတ်စက်နှင့် တူညီဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၃ရက် ည ၇နာရီက ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်နှင့် မြို့မိမြို့ဖ ဥက္ကဋ္ဌ ဒေါက်တာလှမြင့်လွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက မီးသတ်စက်ကိုလည်းကောင်း၊ ရပ်ကွက်ဥက္ကဋ္ဌက တူညီဝတ်စုံ ၁၀စုံကိုလည်းကောင်း ပေးအပ်ရာ အရန်မီးသတ် တပ်စုမှူး ဦးမြင့်လွင်က လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးပညာပေး၊ ဆေးနှင့်အာဟာရထောက်ပံ့

နေပြည်တော် ဧပြီ ၂၁

မကွေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး စောင့်ရှောက်ခြင်း အခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီက ချောက်မြို့နယ် မြတ်မိခင် သားဖွားခန်း၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မကွေးခရိုင်နှင့် ချောက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြသည်။

ပညာပေးဆွေးနွေး

ရှေးဦးစွာ မကွေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က အဖွင့်အမှာ စကားပြောကြားပြီး မကွေးတိုင်းသားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာမြသီတာက ကိုယ်ဝန်ဆောင်မိခင် များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာများကို အသိပညာ ပေးဟောပြော ဆွေးနွေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့် နှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များကို ဗီတာမင် အားဆေးနှင့် အာဟာရပစ္စည်းများကို လည်းကောင်း၊ မြတ် မိခင်သားဖွားခန်းအတွက် အလှူငွေကျပ် တစ်သိန်းကိုလည်း ကောင်း ထောက်ပံ့ပေးအပ်ကာ သားဖွားခန်းတွင် တက် ရောက်သားဖွားကြသော မိခင်နှင့်ကလေးငယ်များကို လိုက်လံ ကြည့်ရှုအားပေးကြသည်။

ဧပြီ ၁၁ ရက် မွန်းလွဲပိုင်းက ကိုယ်ဝန်ဆောင်မိခင်များ အား ကျန်းမာရေးစောင့်ရှောက်ခြင်း အခမ်းအနားကို ပခုက္ကူ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွား ခန်း၌ ကျင်းပရာ တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်း စန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်း သားဖွား၊ မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာမြသီတာ က ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာ များကို ဟောပြောဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒေါ်စန်းစန်းမြင့်နှင့် အဖွဲ့ဝင်များက ကိုယ်ဝန် ဆောင်မိခင်များအား ဗီတာမင်အားဆေးနှင့် အာဟာရပစ္စည်း များ ပေးအပ်လှူဒါန်းကာ သားဖွားဆောင်တွင် တက်ရောက် သားဖွားကြသော မိခင်များနှင့် ကလေးငယ်များကို လိုက်လံ ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ် မဟာတွင်ဆောက် လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာ ရေး ဗိမာန်တော် ကြီး)အတွက် နှစ်ဖက် သောမိဘများအား ရည်စူး၍ ရန်ကုန် တိုင်း ဒဂုံမြို့နယ် ခရေပင်လမ်း အမှတ် ၁၁၅(က)နေ ဦးအောင်သူ-ဒေါ်အေးအေးသန်းမိသားစုက ကျောင်းအလှူငွေကျပ်တစ်သိန်းနှင့် အမေရိကန်ဒေါ်လာသုံးရာကို ကျောင်းဖြစ်မြောက်ရေးဥက္ကဋ္ဌဆရာတော်ဦးရာဇိန္ဒရေ့မှောက်တွင် လှူဒါန်းရာ အမှုဆောင် ဒေါ်မေကြည်ဦးက လက်ခံယူစဉ်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၇ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၅၅၇၁၇ တိုက်ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

အမရပူရမြို့နယ်၌ အောင်သုခ ကွန်ကရစ်တံတားဖွင့် မယ်တော်စုကျေးရွာမှ မန္တလေးစက်မှုဇုန်(၂)သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်

ရန်ကုန် ဧပြီ ၂၁

မန္တလေးတိုင်း အမရပူရမြို့နယ် ဒေါင်းရွှေကျေးရွာအုပ်စု မယ်တော်စုကျေးရွာမှ မန္တလေးမြို့ ပြည်ကြီးတံခွန် မြို့နယ် စက်မှုဇုန်(၂)သို့ ရာသီမရွေး သွားလာနိုင်ရန်အတွက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ရေဆိုးပစ်မြောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် အောင်သုခ ကွန်ကရစ်တံတားဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ရက် နံနက် ၈နာရီက အဆိုပါ တံတားသစ်ထိပ်တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသန်း၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တ အတွင်းရေးမှူး ဦးအောင်သိန်း၊ ကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးဌေးလှိုင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖ များနှင့် ဒေသခံပြည်သူများ တက် ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအေး သန်းနှင့် တံတားဖြစ်မြောက်ရေးကော် မတီဝင် ဦးခင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** မယ်တော်စု ကျေးရွာ မူလတန်းကျောင်းတွင် မြို့နယ် ဥက္ကဋ္ဌက တံတားသစ် ဖွင့်လှစ်နိုင်ခြင်း အတွက် ရရှိလာမည့် အကျိုးကျေးဇူး များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တံတားဖြစ်မြောက် ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက တံတားသစ် တည်ဆောက်ရေးနှင့် ပတ် သက်၍ ဆောင်ရွက်ခဲ့သည့် လုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ငွေကျပ် ၃၈သိန်းကုန်ကျ

အဆိုပါတံတားသစ်ကို စက်မှု ဇုန်(၂) မှ အင်ဂျင်နီယာ ဦးသိန်းဇော်က ဦးဆောင်တည်ဆောက်၍ တံတားပေ အရှည် ၂၀နှင့် အကျယ် ၁၈ပေရှိ ကွန်ကရစ်အမျိုးအစားတံတားဖြစ်သည့် အတွက် ကုန်ကျငွေမှာ ကျပ် ၃၈သိန်း ဖြစ်ကြောင်း သိရှိရသည်။

(၂၀၉)

ဧပြီ ၁၂ ရက်က လှိုင်သာယာ မြို့နယ် အမှတ် ၁၀ ရပ်ကွက်နှင့် အမှတ် ၉ရပ်ကွက် ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ပြည်သူများအား နိုင်ငံ သားစိစစ်ရေးကတ်ပြားများ ထုတ် ပေးစဉ်။

(သတင်းစဉ်)

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးကိုကိုသည် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် လိုက်ပါလျက် ဧပြီ ၁၁ ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးရေး၊ ရေစက်ရုံများ ရေမီတာတပ်ဆင်မှု၊ ရေပေးရေးလုပ်ငန်းများ ကွင်းဆင်း စစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးပြည့် ကြွယ်ငြိမ်းတို့က လိုက်လံရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၇ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	အမေအိုရဲ့ ဓမ္မအောင်လံ တရားတော် (အပိုင်း-၁) (မဇ္ဈိမဂုဏ်ရည်ဆရာတော် အရှင်ကောဝိဒ)
၈:၀၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားဖူး ခရီးသွားမှတ်တမ်း (အပိုင်း-၁)
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	နိုင်ငံတကာအနုပညာရေးရာ
၉:၄၀	ပြည်တွင်းသတင်းအကျဉ်း
၉:၅၀	သမိုင်းဝင်ရှင်ကိုးရှင် (တနင်္သာရီတိုင်း) ထားဝယ်ခရိုင်
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	မိသားစုတနင်္ဂနွေ (ပါဒကြီးဘုရား)
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၀	အသည်းရောင်အသားဝါစီပိုး ဆွေးနွေးမေးမြန်းခန်း (အပိုင်း-၂) (ပါမောက္ခ ခင်မောင်ဝင်း)
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၀	မိုးလေဝသခန့်မှန်းချက်
၁၁:၃၅	စေတနာအပေါင်းခညောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ
၁၂:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၁၅	ရွှေပြည်တော်ကိန်း အေးငြိမ်းပါလို ကုသိုလ်ဖြစ်ဆေးခန်းက အေးချမ်းစွာကြို
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	အား---နာတယ် (ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ ဖုန်းမြင့်အောင်)
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ်Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ်၊ လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၆:၅၅	Newcastle - Chelsea	5-Sports(Live)
၉:၂၅	Aston Villa - Portsmouth	5-Sports (Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	Palermo - Parma	5-Sports(Live)

*** ရွှေ့ဖုံးမှ**

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေလွှဲဥမင်လိုဏ်ဖောက်လုပ်ပြီးစီးမှု၊ ရေလွှဲဥမင်လိုဏ်အဝင် (Intake Structure)၊ ရေလွှဲဥမင်လိုဏ်အထွက် (Outlet Structure) တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပြီးစီးမှု၊ ရေကာကွန်ကရစ်နံရံ တည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှု၊ ရေယူအဆောက်အအုံ (Power Intake) ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံဆောက်လုပ်ရန် မြေကြီး၊ ကျောက်သားလုပ်ငန်းများ ဆောင်ရွက်မှု၊ ပင်မတမံ၌ RCC ကွန်ကရစ် သွန်းလောင်းနေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစဉ် လမ်းညွှန်ခဲ့မှုများအပေါ်

ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ အပေါ်ပိုင်းမြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်များ အခြေအနေများကိုလည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက်ဒုတိယ ဝန်ကြီး ဦးမျိုးမြင့်က RCC ကွန်ကရစ်၏ အရည်အသွေးများ၊ စီမံကိန်း၌ RCC ကွန်ကရစ်သုံးစွဲရသည့် ရည်ရွယ်ချက်များ၊ RCC ကွန်ကရစ်သွန်းလောင်းရာတွင် အရည်အသွေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စံချိန်မီအောင်ထိန်းသိမ်းရာ၌ ဆောင်ရန်-ရှောင်ရန် အချက်များ၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် ကမ္ဘာ့အကြီးစား RCC ကွန်ကရစ် တမံစာရင်း၌ ပါရှိပုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရဲရွာရေအားလျှပ်စစ်စီမံကိန်းပြီးစီးသည်နှင့် ရရှိမည့် ဓာတ်အားများကို ဒေသအသီးသီးသို့ ဖြန့်ဖြူးနိုင်ရန် ရဲရွာ-ဘဲလင်း၊ ဘဲလင်း-ရွှေစာရံ၊ဘဲလင်း-မိတ္ထီလာ၊ ရဲရွာ-မိတ္ထီလာ၊ မိတ္ထီလာ-သာစည် ၂၃၀ ကေဗွီဓာတ်အားလိုင်းများ သွယ်တန်းနေမှုနှင့် ဘဲလင်း ပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က နမ့်ခမ်းမြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် ရွှေလီ(၁) ရေအားလျှပ်စစ် စီမံကိန်းမှ ဓာတ်အားများကို ဖြန့်ဖြူးရန် ရွှေလီ-မန်စံ-ရွှေစာရံ ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်မှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ မဟာဓာတ်အားလိုင်းသုံး ပစ္စည်းများရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း

- **ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား ၇၉၀ မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်။**
- **မြစ်ငယ်မြစ်ကို ပိတ်နိုင်ရန်ရေလှောင်တမံ အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေရှိ ကွန်ကရစ်တမံ (Roller Compacted Concrete Dam) ကို တည်ဆောက်လျက်ရှိ။**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ရာတွင် **ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့်အတူ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမည့် မဟာဓာတ်အားလိုင်းစနစ်ကို ဟန်ချက်ညီညီ အချိန်ကိုက်ပြီးစီးရန် လိုအပ်ကြောင်း၊ မဟာဓာတ်အားလိုင်း သွယ်တန်းရာ၌ အသုံးပြုရသည့် ဓာတ်ကြိုး၊ ကြွေသီး စသည့် ဓာတ်အားလိုင်းသုံးပစ္စည်းများနှင့် ထရန်စဖော်မာအမျိုးမျိုးကို ပြည်တွင်း၌ပင်ထုတ်လုပ်နိုင်အောင် ကြိုးစားသွားကြရန်ဖြစ်ကြောင်း။**

ထို့ပြင် ရဲရွာစီမံကိန်း၏ အထက်ဘက်မြစ်ငယ်မြစ်၏ အပေါ်ပိုင်းတစ်လျှောက် လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိမည့်ရေအရင်းအမြစ်နေရာများကို စူးစမ်းလေ့လာပြီး မြစ်ငယ်မြစ် ရေအားလျှပ်စစ်စီမံကိန်းအဆင့်ဆင့် တိုးချဲ့ဖြစ်ပေါ်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် Colenco Power Engineering Co.,Ltd.မှ

ဒုတိယအကြိမ် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက် သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်း မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းရှိ ဟန်ဂေါက်မာစတာဂေါက်သီးရိုက်အကယ်ဒမီ သင်တန်းကျောင်းတွင် ဧပြီ ၂၇ရက်မှစတင်ကာ ဒုတိယအကြိမ် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

ယင်းဖွင့်လှစ်သင်ကြားမည့် သင်တန်းများမှာ အခြေခံလူသစ်တန်း ဂေါက်သီးရိုက်သင်တန်း၊ အခြေခံမွမ်းမံ သင်တန်းနှင့်ကွင်းပတ်အဆင့် မွမ်းမံ သင်တန်းဟူ၍ တန်းခွဲ သုံးခုထားရှိ သင်ကြားမည်ဖြစ်သည်။

ထိုသင်တန်းတွင် မြန်မာ့လက်ရွေးစင်အသင်း ဝါရင့်နည်းပြဆရာများက အဆင့်မြင့်နည်းစနစ်များဖြင့် စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည် ဖြစ်သည်။

မေးမြန်းနိုင်

ယင်းသင်တန်းသို့ တက်ရောက်လိုသော လူငယ်မောင်မယ်များသည် ဧပြီ ၂၆ရက်နေ့ထက် နောက်မကျဘဲ သင်တန်းသားဦးရေ ကန့်သတ် ထားပါသဖြင့် အမည်စာရင်းများနှင့် အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ဖုန်း-၀၁- ၇၀၆၇၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ကဆုန်လဆန်း ၇ ရက်
(အဖိတ်နေ့)
၂၂-၄-၂၀၀၇ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ Yan Can Cook
၁၂:၀၀ ၅။ **"မမုန်းလေနဲ့ငပလီ"** ရန်အောင်၊ ဒွေး၊ မေသန်းနု၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၁၃:၄၅ ၆။ အဆိုပြိုင်ပွဲ
၁၄:၀၀ ၇။ ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ
၁၄:၁၀ ၈။ လက်ဆင့်ကမ်းအမွေ
၁၄:၁၅ ၉။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ ဝိုင်းစုခိုင်သိန်း၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၄:၂၅ ၁၀။ ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၁၄:၃၀ ၁၁။ **"သစ်ကောင်းတစ်ပင်"** နဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန် [ဒါရိုက်တာ-မိုးထက်လူ (သစ်တော)]
၁၄:၄၅ ၁၂။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၇။ ညနေခင်းသတင်း
၁၈:၃၀ ၈။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၉။ သီရိဂေဟာ
၁၉:၀၅ ၁၀။ **"သီးနှံစိုက်ပျိုး အထွက်တိုး"** (စပါးပန်းတိုင်အထွက်နှုန်း တင်း၁၀၀ထွက်ရှိရန် ဆောင်ရွက်ရမည့်နည်းပညာများ)
၁၉:၁၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း-၁၉)
၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းနှင်းဆီ"** (အပိုင်း-၁၀)

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

စီမံကိန်းဒါရိုက်တာ Mr. Stuwart Cowwie' China Gezhouba Water & Power Group Co.,Ltd. မှ စီမံကိန်းမန်နေဂျာ Mr. Zhou နှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးမြင့်ဇော်တို့အား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပင်မ ကွန်ကရစ်တမံ တည်ဆောက်ရာတွင် အသုံးပြုသည့် ခေတ်မီစက်ပစ္စည်းကိရိယာများ၊ RCC ကွန်ကရစ်နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ဆက်လက်၍ စီမံကိန်းဧရိယာနှင့် စက်ယန္တရားကြီးများဖြင့်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြစ်ငယ်မြစ်ညာဘက်ကမ်း(၁၉၇)မီတာ မြင့်သည့်နေရာမှ ပင်မကွန်ကရစ်တမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် စီမံကိန်းဧရိယာကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ချဉ်းကပ်ဥမင်လိုဏ်ကို မော်တော်ယာဉ်များဖြင့် ဝင်ရောက်ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ RCC ကွန်ကရစ်သွန်းလောင်းရန် Main Conveyor System တည်ဆောက်ပြီးစီးမှုများ၊ RCC ကွန်ကရစ်ဖျော်စက်၊ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုများ အပါအဝင် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် လုပ်ငန်းအလိုက် ပြီးစီးမှုများကို လည်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပင်မကွန်ကရစ်တမံ Stage 5+7 မှနေ Stage 6 ကို RCC ကွန်ကရစ်သွန်းလောင်းနေမှုများ၊ ဖိအားဖြင့် သံမဏိပိုက်လိုင်း အဆောက်အအုံနှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

တည်ဆောက်လျက်ရှိ

ရဲရွာရေအားလျှပ်စစ် စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်သည်။

မြစ်ငယ်မြစ်ကို ပိတ်နိုင်ရန်ရေလှောင်တမံ အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေရှိ ကွန်ကရစ်တမံ (Roller Compacted Concrete Dam) ကို တည်ဆောက်လျက်ရှိသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း၌ တည်ဆောက်လျက်ရှိသည့် RCC တမံမှာ ကမ္ဘာပေါ်ရှိ အကြီးဆုံး RCC တမံများတွင် တစ်ခုပါဝင်မည့် RCC တမံကြီးဖြစ်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၀ ရက်ကလည်း ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့နှင့် ကလောမြို့တို့သို့ သွားရောက်၍ ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ်၌ နယ်လှည့်စာဖတ်ခန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၁

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဧပြီ ၅ ရက် နံနက် ၁၀ နာရီက ငါးထပ်ကြီးတောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မီရုံး၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ငါးထပ်ကြီးတောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော့ရှင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာပေအကျိုးကျေးဇူးကြီးမားပုံကို ဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော့ရှင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဓာတ်အားလိုင်းများ သွယ်တန်းလျက်ရှိ

ရဲရွာရေအားလျှပ်စစ်စီမံကိန်းပြီးစီးသည်နှင့် ရရှိမည့် ဓာတ်အားများကို ဒေသအသီးသီးသို့ ဖြန့်ဖြူးနိုင်ရန် ရဲရွာ–ဘဲလင်း၊ ဘဲလင်း–ရွှေစာရံ၊ဘဲလင်း–မိတ္ထီလာ၊ ရဲရွာ–မိတ္ထီလာ၊ မိတ္ထီလာ–သာစည် ၂၃၀ ကေဗွီဓာတ်အားလိုင်းများ သွယ်တန်းလျက်ရှိ။

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ အခွန်လွတ်ဈေးများကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေး၊သာကေတမြို့နယ် ရှုခင်းသာအခွန်လွတ်ဈေးနှင့် တာမွေမြို့နယ် အခွန်လွတ်ဈေးများသို့ သွားရောက်၍ ဈေးဝယ်ယူ ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဒုတိယမြို့တော်ဝန်သည် အရောင်းဆိုင်များမှ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်များ၊ ရေချိုး ရေငန်ငါးအမျိုးမျိုးနှင့် ကုန်ခြောက်ပစ္စည်းများ၊ ရောင်းချနေမှုနှင့် စိတ်လက်ချမ်းသာစွာ ဝယ်ယူနေသူများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

သုံးခွမြို့ ပျဉ်းမကာန်စံပြကျေးရွာ ဆုတောင်းပြည့်ကန်ဦးစေတီ ရွှေထီးတော်တင်လှူပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပျဉ်းမကာန်စံပြကျေးရွာ၌ သက်တော်ရှည် မြတောင်ညို ဆရာတော်ထံမှ ဩဝါဒကထာခံယူ၍ နှစ်ဖက်မိဘများအား အမှူးထားလျက် အလှူရှင်များဖြစ်သည့် ဦးသန်းလွင်– ဒေါ်မြင့်မြင့်သန်း(လွင်ဘရားသား ကုန်သေတ္တာပို့ဆောင်ရေး) မိသားစုတို့က ရှေးဟောင်း ဆုတောင်းပြည့်စေတီတော်အား မွမ်းမံပြုပြင်ပြီး ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကို ဧပြီ၂၁ရက် နံနက် ၅ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ပူဇော်သည်။

လှည့်လည်ပူဇော်

ရှေးဦးစွာ ရွှေထီးတော်ကြီးအား ဆရာတော် သံဃာတော်များ၊ အလှူရှင်များ၊ အကျိုးတော်ဆောင်များနှင့် ကျေးရွာနေပြည်သူများက ပင့်ဆောင်ပြီး စေတီတော်ကြီးကို လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်သည်။

ထို့နောက် ရွှေထီးတော် ဘုံဆင့်များအား အလှူရှင်များနှင့် ကျေးရွာနေပြည်သူတို့က ပန်းရထားဖြင့် သုံးကြိမ်ပင့်ဆောင်တင်လှူပြီး စေတီရံရှစ်ဆူအား နေ့အလိုက် နေရာယူကာ တစ်ပြိုင်နက်တင်လှူကြသည်။

အခမ်းအနားကျင်းပ

ယင်းနောက် ဆရာတော် သံဃာတော်များက ဆုတောင်းပြည့်ကန်ဦးစေတီတော်မြတ်အား အနေကဇာတင်မင်္ဂလာ အခမ်းအနား ကျင်းပကြောင်း သိရှိရသည်။

(သတင်းစဉ်)

အပူချိန် ၂၁–၄–၂၀၀၇

နေပြည်တော်	၄၂	ဒီဂရီစင်တီဂရိတ်
ဗန်းမော်၊ သီပေါ	၃၆	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၃၉	ဒီဂရီစင်တီဂရိတ်
ကလေးဝ	၄၀	ဒီဂရီစင်တီဂရိတ်
မန္တလေး၊ ဘားအံ	၄၁	ဒီဂရီစင်တီဂရိတ်
မုံရွာ၊ သာယာဝတီ	၄၂	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၃	ဒီဂရီစင်တီဂရိတ်

ငမိုးရိပ်ချောင်းဖြတ် (ဒဂုံမြို့သစ်တံတား)ခေတ္တပိတ်ထားမည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဒဂုံမြို့သစ်မြို့နယ်များသို့ သောက်သုံးရေတိုးချဲ့ ဖြန့်ဝေနိုင်ရေးအတွက် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့ ဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းဖြတ် (ဒဂုံမြို့သစ်တံတား) ဝဲ၊ ယာ နှစ်ဖက်ပေါ်တွင် ၁၆ လက်မ ကွန်ကရစ်ရေပိုက်လိုင်းများ ဆက်သွယ်ခြင်းလုပ်ငန်းကို ဧပြီ ၂၂ရက်မှ ၂၇ရက်အထိ ခြောက်ရက်တာကာလအတွင်း နေ့စဉ်နံနက် ၈နာရီမှ ညနေ ၅နာရီထိ ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း တံတားပေါ်မှ ယာဉ်သွားလာမှုများကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု ရပ်နားချိန် နေ့စဉ် ညနေ ၅ နာရီမှ နောက်တစ်နေ့နံနက် ၈ နာရီအတွင်း တံတားမှ ယာဉ်သွားလာမှုများအား ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန်ယူနှင့်အာဆင်နယ် သရေပွဲကြို၊ လီဗာပူးနိုင်ပွဲဆက်

သတင်းမြင်ကွင်း – မြင့်မိုး

လန်ဒန် ဧပြီ ၂၁

ပရီမီယာလိဂ် ပွဲစဉ်(၃၅) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၂၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်အသင်းသည် တော့တင်ဟမ်အိမ်ကွင်း၌ နှစ်ဂိုး–နှစ်ဂိုးဖြင့် သရေကျခဲ့သည်။

အိမ်ကွင်းကစားရသော တော့တင်ဟမ်တို့ ပွဲစသည်နှင့် လျင်လျင်မြန်မြန် ထိုးဖောက်ကစားနိုင်မှုကြောင့် ပွဲချိန်မိနစ် ၃၀ တွင် ရော်ဘီကိန်းက ဖွင့်ဆော်ဦးဂိုး သွင်းယူခဲ့သည်။ သို့သော်လည်း အာဆင်နယ်အသင်းက ဒုတိယပိုင်းတွင် ပြန်လည်တိုက်စစ်ဆင်ကစားရာ တိုရေးနှင့် အဒီဘာယော တို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။ သို့သော်လည်း ပွဲသိမ်းချိန်တွင် ဂျီးနက်စ်က ချေပဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျသွားခဲ့သည်။

လီဗာပူးအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုး သွင်းယူခဲ့သော ဒက်ကွတ် (ယာ) ဂိုးသွင်းအပြီး ပီတာခရော့ချ်နှင့် ဤသို့ အောင်ပွဲခံခဲ့သည်။

(ဓာတ်ပုံ–အင်တာနက်)

လီဗာပူးနိုင်

လီဗာပူးအသင်းသည် အိမ်ကွင်းအားသာချက်ဖြင့် ဝီဂန်အသင်းကို ဖိကစားနိုင်ခဲ့သည်။ လီဗာပူးအသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး ဒက်ကွတ်က ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့သည်။ ယင်းပွဲတွင် လီဗာပူးတို့ အနိုင်ရခဲ့သဖြင့် ၆၄မှတ်ရရှိကာ အမှတ်ပေးဇယား တတိယနေရာတွင် ဆက်လက်တည်မြဲနေသည်။

အခြားပွဲရလဒ်များ

ဝက်ဖို့ဒ်	၁–၁	မန်စီးတီး
ဝက်စ်ဟမ်း	၁–၀	အဲဗာတန်
ဘော်လ်တန်	၁–၃	ရက်ဒင်း
ချာလ်တန်	၁–၁	ရှက်ဖီး
ဖူလ်ဟမ်	၁–၁	ဘလက်ဘန်း
မန်ယူ	၁–၁	မစ်ဒယ်ဘရော့

(အင်တာနက်)

တရုတ်နိုင်ငံ ရှန်ယန်မြို့ရှိ အင်တာနက်ကဖေးစင်တာ၌ အင်တာနက် အသုံးပြုနေကြသူများကို ဧပြီ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယထုတ်ကုန် ပြည်ပတင်ပို့မှု ဒေါ်လာ ဘီလီယံ ၁၆၀ ရရှိမည်မျှော်မှန်း

နယူးဒေလီ ဧပြီ ၂၁

အိန္ဒိယနိုင်ငံ၌ ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပပို့ကုန်များ တန်ဖိုးမှာ အမေရိကန်ဒေါ်လာဘီလီယံ ၁၆၀ထိ မျှော်မှန်းထားရှိကြောင်းနှင့် ပို့ကုန်လုပ်ငန်းအားလုံး၏ အခွန်စည်းကြပ်မှုကို လျှော့ချမည်ဖြစ်ကြောင်း ဧပြီ ၁၉ရက်က ထုတ်ပြန်ကြေညာသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးက ၂၀၀၆–၂၀၀၇ခုနှစ်အတွင်း ပြည်ပပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၂၅ဘီလီယံ ရရှိပြီး ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း အမေရိကန် ဒေါ်လာဘီလီယံ ၁၆၀ ရရှိရန် ရည်မှန်းချက်ထားရှိကြောင်း၊ ၂၀၀၈–၂၀၀၉ခုနှစ်အတွင်း အမေရိကန် ဒေါ်လာ ဘီလီယံ ၂၀၀ထိ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

ပြည်ပတင်ပို့ကုန်လုပ်ငန်းများအနေဖြင့် အုန်းဆီ၊ ပဲဆီ၊ ဂျုံ၊ ဖာလာ၊ ဆေးဝါး၊ ခေါက်ဆွဲ၊ အချဉ်ရေနှင့် ပေါင်မုန့် စသည်တို့ကို တင်ပို့လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မလေးရှားမှ ပါကစ္စတန်သို့ ဆီအုန်းမျိုးပင်များ ထောက်ပံ့ပေးမည်

ကွာလာလမ်ပူ ဧပြီ ၂၁

မလေးရှားနိုင်ငံသည် ပါကစ္စတန်နိုင်ငံ ဆင်းဂျ်ပြည်နယ်တွင် ဆီအုန်းစိုက်ဧရိယာ ဟက်တာ ၄၀၀၀၀ထူထောင်နိုင်ရန်အတွက်ဆီအုန်းပျိုးပင်များထောက်ပံ့ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း မလေးရှားမီဒီယာများက ဧပြီ ၁၇၌ ဖော်ပြသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ပါကစ္စတန်နိုင်ငံ ကာရာချိမြို့သို့ မိမိသွားရောက်မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဝန်ကြီး ပီတာချန်ဖာကူက ပြောကြားသည်။

ယခုကဲ့သို့ ဆီအုန်းမျိုးပင်များထောက်ပံ့ဖြည့်ဆည်းပေးခြင်းမှာနှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေး ကောင်းမွန်စေရန်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပါကစ္စတန် နိုင်ငံသည် မလေးရှားနိုင်ငံမှ ဆီအုန်းထုတ်ကုန်များကို တတိယမြောက် အများဆုံးဝယ်ယူသော နိုင်ငံလည်း ဖြစ်သည်။

လောလောဆယ်အချိန်၌ပင် မလေးရှားနိုင်ငံမှ စားအုံးဆီတန်ချိန် ၉၅၀၀၀၀ကို ပါကစ္စတန်နိုင်ငံက နှစ်စဉ်ဝယ်ယူလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ လေျင်လှုပ်

ဂျကာတာ ဧပြီ ၂၁

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဆူလာဝေစီပြည်နယ် မြောက်ပိုင်း၌ ဧပြီ ၁၉ ရက်က ရစ်ချ်တာစကေး အင်အား ၅ဒသမ ၃ အဆင့်ရှိ လေျင်တစ်ခုသည် ပင်လယ်ရေအောက် ၄၄ ကီလိုမီတာအကွာ ဗဟိုပြု၍ လှုပ်ခတ်သွားသည်။

ဂျကာတာ စံတော်ချိန် ၁၆း၀၅ နာရီတွင် လေျင်လှုပ်သွားကြောင်း အမျိုးသားမိုးဇလနှင့် ဘူမိရူပအေဂျင်စီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင် မက္ကဆီကို၌ ဖမ်းဆီးရမိ

မက္ကဆီကို စီးတီး ဧပြီ ၂၁

မက္ကဆီကိုနိုင်ငံတစ်ဝန်း ရာဇဝတ်မှုခင်းများ ဖြိုခွင်းနေချိန်တွင် အမေရိကန်နယ်စပ် မြို့တစ်မြို့၌ မူးယစ်ဆေးဝါး ဂိုဏ်းခေါင်းဆောင်တစ်ဦးကို မက္ကဆီကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

အဆိုပါ မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်မှာ ဂျူယန်အော်စကာ ဂါဇာဖြစ်ပြီး ရေနိုဇာမြို့၌ မူးယစ်ဆေးဝါးများ၊ လက်နက်များနှင့် လူများ မှောင်ခိုပြုလုပ်နေသူဖြစ်ကြောင်း မက္ကဆီကို ရှေ့နေချုပ်ရုံးက ဧပြီ ၁၇ရက်၌ ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကျောက်မီးသွေးတွင်း ပေါက်ကွဲမှု သေဆုံးသူ ၁၁၀ အထိရှိလာ

မော်စကို ဧပြီ ၂၁

လွန်ခဲ့သောလက ရုရှားနိုင်ငံ၌ ကျောက်မီးသွေးမိုင်းတစ်ခု၌ ဓာတ်ငွေ့ပေါက်ကွဲခဲ့ပြီး ပျောက်ဆုံးနေသော လူနှစ်ဦး၏အလောင်းကို တွေ့ရှိခဲ့ပြီဖြစ်ရာ စုစုပေါင်း သေဆုံးသူ ၁၁၀ ရှိခဲ့ကြောင်း ၎င်းမိုင်းတွင်းပိုင်ရှင်များက ဧပြီ ၁၈ ရက်တွင် ပြောကြားသည်။

အဆိုပါ မိုင်းတွင်းပေါက်ကွဲမှုသည် ဆားဘီးယားကီမီရိုဗိုဒေသရှိ အာယာနိစကာယာကျောက်မီးသွေးတွင်း၌ ပေါက်ကွဲခြင်းဖြစ်ပြီး ၁၉၉၁ ခုနှစ် ဆိုဗီယက်ပြိုကွဲပြီးနောက် ရုရှားနိုင်ငံ၌ အဆိုးရွားဆုံး ကျောက်မီးသွေးမိုင်း ပေါက်ကွဲခြင်းဖြစ်ကြောင်း သိရသည်။ အမ်အင်န်အေ၊ရိုက်တာ

မနီလာမြို့၌ လေယာဉ်ငယ် ပျက်ကျ

မနီလာ ဧပြီ ၂၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ပါရာနာကွဲအရပ် လူနေရပ်ကွက်အတွင်း လေယာဉ်တစ်စင်း ဧပြီ ၁၉ရက်က ပျက်ကျခဲ့ရာ **(အောက်ပုံ)** လေယာဉ်မှူး သေဆုံးခဲ့ကြောင်း လေကြောင်းပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါလေယာဉ်သည် မနီလာ–ရှိဆက်–ပါလာဝမ် လမ်းကြောင်းအတိုင်း ပျံသန်းရာတွင် မီးလောင်ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း၊ မနီလာနိုင်ငံတကာ လေဆိပ်လုံခြုံရေး လက်ထောက်အထွေထွေမန်နေဂျာ အိန်ဂျယ်အပ်တူတူဘိုက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မော်တော်ဆိုင်ကယ် မတော်တဆမှုများကြောင့် လူငယ်အများအပြား သေဆုံးနေရဟုဆို

မနီလာ ဧပြီ ၂၁

မော်တော်ဆိုင်ကယ် မတော်တဆဖြစ်မှုများသည် ကမ္ဘာတွင် လူငယ်များ သေဆုံးနေရခြင်း၏ အဓိကအကြောင်းအရင်း တစ်ရပ်ဖြစ်လာကြောင်း ဒဗလျူအိတ်ချ်အိုက မနီလာမြို့၌ ဧပြီ ၁၈ရက်က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

သေဆုံးမှု

ကမ္ဘာတစ်ဝန်း၌ ဝင်ငွေအလယ်အလတ်ရှိသော မိသားစုများအတွင်း ဆိုင်ကယ်ဝယ်စီးလာနိုင်သည်နှင့်အမျှ လူငယ်များမှာလည်း ဆိုင်ကယ်စီးမှုကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရမှုများ သိသိသာသာ များပြားလာကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြသည်။

ဖော်ပြ

ထိုသို့ ဆိုင်ကယ်မတော်တဆဖြစ်ပွားရခြင်းမှာ လူငယ်များသည် အရှိန်လွန်ကဲစွာ ဆိုင်ကယ်ကို မောင်းနှင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ် မဆောင်းခြင်း၊ မူးယစ်သောက်စားလျက် မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဆက်လက်ဖော်ပြသည်။

ဖြစ်ပွား

ကမ္ဘာတစ်ဝန်းတွင် အသက်(၂၅)နှစ်အောက် လူငယ် ၁၀၀၀ခန့် နေ့စဉ်ဆိုင်ကယ်မတော်တဆမှုများကြောင့် သေဆုံးနေရကြောင်း၊ ထိုသို့ဖြစ်ပွားခြင်းမှာ ဝင်ငွေအလယ်အလတ်ရှိလာသော နိုင်ငံများမှ ၈၅ရာခိုင်နှုန်းရှိကြောင်း ဒဗလျူအိတ်ချ်အို၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆူနာမီ သတိပေးစက်

အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ပြည်နယ် မီရတ်ဆိပ်ကမ်းမှ မိုင် ၁၅၀ အကွာတွင် ဆူနာမီသတိပေးစက် တပ်ဆင်နေကြသည်ကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဂါနာ၌ ရွှေတွင်းပြိုကျ၍ ကိုးဦးသေဆုံး

အက်ခရာ ဧပြီ ၂၁

ဂါနာနိုင်ငံအနောက်ပိုင်း ဝက်ဆာ အက်ခရိုပေါင်းမြို့အနီး ပိတ်ပင်ထားသော ရွှေတွင်းတစ်တွင်း ဧပြီ ၁၆ရက်က ပြိုကျခဲ့ရာ တရားမဝင် ရွှေတူးဖော်ရေးသမား ကိုးဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ဧပြီ ၁၈ရက်က ပြောကြားသည်။

ဂါနာနိုင်ငံသည် အာဖရိကပြီး လျှင် ဒုတိယ ရွှေအများဆုံး ထွက်ရှိသည့်နိုင်ငံဖြစ်သည်။

တရားမဝင်

ဂါနာနိုင်ငံတွင် ရွှေတူးတွင်းသမား ၃၀၀၀၀၀ မှ ၅၀၀၀၀၀ အကြားရှိရာ အချို့မှာ မှတ်ပုံတင်ထားကြသော်လည်း အချို့မှာ တရားမဝင်လုပ်ကိုင်လျက်ရှိကြသည်ဟု ဆိုသည်။

တူးဖော်

ယင်းနိုင်ငံ၌ ပြည်တွင်းပြည်ပကုမ္ပဏီများက ရွှေတူးဖော်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား အားကစား

မော်ရင်ဟို ချယ်လ်ဆီးမှထွက်ခွာရန် အစီအစဉ်မရှိဟု ပီတာကင်ယွန်းဆို

လန်ဒန် ဧပြီ ၂၁

ချယ်လ်ဆီးအသင်း နည်းပြမော်ရင်ဟိုသည် နွေရာသီတွင် အသင်းမှ နုတ်ထွက်ရန် စီစဉ်ဆောင်ရွက်ထားခြင်းများ မရှိကြောင်း ချယ်လ်ဆီးအသင်း အမှုဆောင်အရာရှိ ပီတာကင်ယွန်းက ထုတ်ဖော် ပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်း အမှုဆောင်အရာရှိ ပီတာကင်ယွန်း (ဝဲ) နှင့် နည်းပြ မော်ရင်ဟို။
(ဓာတ်ပုံ-အင်တာနက်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မော်ရင်ဟိုနှင့် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်တို့ အဆင်မပြေဖြစ်ခဲ့မှုကြောင့် စတမ်းဖို့ဒ်ဘရစ်မှ မော်ရင်ဟို ထွက်ခွာရန် ထင်ကြေးပေးမှုများ ရှိနေခဲ့ဖြစ်သည်။

အခြားနည်းပြအစားမထိုး

သို့သော်လည်း ချယ်လ်ဆီးအသင်းက မော်ရင်ဟိုနေရာတွင် အခြားနည်းပြများ အစားထိုးရန် စီစဉ်ဆောင်ရွက်ထားခြင်း မရှိကြောင်း ပီတာကင်ယွန်းက ပြောကြားလိုက်သည်။

၂၀၁၀ထိစာချုပ်ထား

မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းနှင့် ၂၀၁၀ပြည့်နှစ်အထိ စာချုပ်ထားသည်။ ၎င်းသည် ၂၀၀၄ ခုနှစ်က ပေါ်တိုအသင်းမှ ချယ်လ်ဆီးသို့ ရောက်ရှိလာပြီး ပရီမီယာလိဂ်ဖလား နှစ်လုံးကို ဆက်တိုက်ဗိုလ်စွဲရန် ကြိုးပမ်းပေးနိုင်ခဲ့သည်။

ယခုနှစ်ရာသီတွင်လည်း ချယ်လ်ဆီးအသင်းအား လိဂ်ဖလားနှစ်လုံးကို ရယူပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ထို့အပြင် ချယ်လ်ဆီးအသင်းအား ယခုနှစ်ရာသီတွင် ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ပရီမီယာလိဂ်ဖလားများ ဆွတ်ခူးနိုင်ရန်လည်း ကြိုးစားပေးလျက်ရှိသည်။ **(အင်တာနက်)**

မန်ယူတိုက်စစ်မှူး ဆိုးလ်ရှား အနားယူရန် ထုတ်ဖော်ပြောကြား

လန်ဒန် ဧပြီ ၂၁

မန်ချက်စတာယူနိုက်တက်အသင်း တိုက်စစ်မှူး အိုလီဂန်နာ ဆိုးလ်ရှားက ၎င်းအနေဖြင့် လာမည့်ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ဘောလုံးလောကမှ အနားယူတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

စာချုပ်

အသက် (၃၄)နှစ်ရှိ ဆိုးလ်ရှားသည် ၂၀၀၈ ခုနှစ် ဇွန်လတွင် ၎င်း၏ စာချုပ် ကုန်ဆုံးသည့်တိုင်အောင် မန်ယူတွင် ကစားသွားမည့်အနေအထားရှိသည်။

သို့သော်လည်း ဆိုးလ်ရှားအား အဆိုပါ စာချုပ်ကုန်ဆုံးပြီးနောက် ၎င်း၏အနာဂတ်နှင့်ပတ်သက်၍ မေးမြန်းကြည့်ရာတွင် အစီအစဉ်မရှိသေးကြောင်း နော်ဝေသတင်းစာတစ်စောင်သို့ ပြောကြားလိုက်သည်။

အနိုင်ဂိုး

ဆိုးလ်ရှားသည် ၁၉၉၆ ခုနှစ်က မန်ယူသို့ရောက်လာခဲ့ရာ ဂိုးပေါင်း ၁၂၈ဂိုး သွင်းယူပေးခဲ့သည်။ ၎င်းသည် ၁၉၉၉ ခုနှစ်က မန်ယူတို့ ချန်ပီယံလိဂ်ဖလားဆွတ်ခူးခဲ့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းကို ပွဲသိမ်းအနိုင်ဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။ **(အင်တာနက်)**

တိုက်စစ်မှူး
ဆိုးလ်ရှား

မန်ယူတိုက်စစ်မှူး ဆိုးလ်ရှား။
(ဓာတ်ပုံ-အင်တာနက်)

မန်ယူနောက်တန်းလူ ဗီဒစ် ပြန်ကစားရန် လေ့ကျင့်နေပြီ

လန်ဒန် ဧပြီ ၂၁

မန်ချက်စတာ ယူနိုက်တက်အသင်းမှ ဒဏ်ရာရထားသော နောက်တန်းကစားသမား ဗီဒစ်သည် ရာသီမကုန်မီ ပြန်ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားလိုက်သည်။

အသက် (၂၅)နှစ်ရှိသည့် ဗီဒစ်သည် မတ်လက ဘလက်ဘန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် မန်ယူတို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည့်ပွဲ၌ ညှပ်ရိုးကျိုးသွားခဲ့သည်။

ဗီဒစ်သည် အသင်းတွင် ပြန်ကစားရန် အလွန်အခြေအနေကောင်းလာပြီဖြစ်ကြောင်း၊ ဧပြီ ၁၆ရက်က မန်ယူလေ့ကျင့်ရေးကွင်း၌ စတင်လေ့ကျင့်နေပြီဖြစ်ကြောင်း အသင်းနည်းပြ ဖာဂူဆန်က ပြောကြားသည်။

ထို့အတူ ဂယ်ရီနဗီးလ်သည်လည်း ပြန်လည်အခြေအနေကောင်းလာပြီဖြစ်ရာ အဲဗာတန်အသင်းနှင့် ကစားရာတွင် အသင့်ဖြစ်လိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

သို့သော်လည်း လူးဝစ်ဆာဟာသည် ယခုသီတင်းပတ်တွင် ပြန်ကောင်းနိုင်လိမ့်မည် မထင်ကြောင်း၊ ဖာဒီနန်၊ အိုရှီးယားနှင့် အီဗရာတို့သည် အနည်းငယ်ဒဏ်ရာရရှိကြရာမှ ပြန်ကောင်းလာပြီ ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဆန်းဒါးလန်းအသင်းကို ပရီမီယာလိဂ်သို့ပို့ဆောင်မည့် မန်ယူအသင်းခေါင်းဆောင်ဟောင်း နည်းပြ ရွိုင်ကိန်း

လန်ဒန် ဧပြီ ၂၁

လာမည့်နှစ်တွင် ပရီမီယာလိဂ် တန်းတက်အသင်းဖြစ်လာနိုင်သော ဆန်းဒါးလန်းအသင်းသည် လာမည့်ပွဲစဉ်များတွင် ဆက်လက်နိုင်ပွဲများရရှိအောင် ကစားသွားရန် အသင်းနည်းပြ ရွိုင်ကိန်းက ၎င်း၏အသင်းသားများအား သတိပေး ပြောကြားလိုက်သည်။

ဆန်းဒါးလန်းနည်းပြ ရွိုင်ကိန်း။
(ဓာတ်ပုံ-အင်တာနက်)

ရွိုင်ကိန်းသည် ဆန်းဒါးလန်းအသင်းကို ပရီမီယာရှစ် ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ တန်းစီ ဇယားအောက်ဆုံးမှ ထိပ်ဆုံးနေရာသို့ ရောက်ရှိအောင် ကြိုးပမ်းပေးခဲ့သူ ဖြစ်သည်။

ဦးဆောင်

ယခုအခါ ဆန်းဒါးလန်းအသင်းသည် အမှတ်ပေးဇယားတွင် ရမှတ် ၈၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ရွိုင်ကိန်းသည် မန်ယူအသင်း ခေါင်းဆောင်ဟောင်းဖြစ်သကဲ့သို့ ဆဲလ်တစ် အသင်း၏ ကွင်းလယ်ကစားသမားဟောင်းလည်း ဖြစ်သည်။

မိမိသည် ဆန်းဒါးလန်းအသင်းကို အကောင်းဆုံးတာဝန်ကျေပွန်စွာဖြင့် ပရီမီယာလိဂ်သို့ ပို့ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ရွိုင်ကိန်းက ပြောဆိုသည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

- **အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဒုတိယဥက္ကဋ္ဌဖြစ်သည့် ဒေးဗစ်ဒိန်း ထွက်သွားသော်လည်း ၎င်းအနေဖြင့် အာဆင်နယ်ကို အကောင်းဆုံးဖြစ်အောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ကတိပြု ပြောကြားလိုက်သည်။**

- အင်္ဂလန်တိုက်စစ်မှူးရွှန်နေသည် အဲဗာတန်အသင်းတွင် ကစားခဲ့စဉ်က အသင်းမန်နေဂျာအပေါ် မကျေနပ်မှုများကို မှတ်တမ်းစာအုပ်တွင် ရေးသားထားခဲ့သည့်အတွက် မန်နေဂျာဟောင်း ဒေးဗစ်မိုယက်က တရားစွဲဆိုထားသည်။

- **ရုရှားနိုင်ငံ၏ အချမ်းသာဆုံးလူစာရင်းကို ဖော်ဘက်မဂ္ဂဇင်းက ထုတ်ပြန်ခဲ့ရာ ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂ဘီလီယံဖြင့် အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာသည်။**

- ပရီမီယာလိဂ်ပွဲအဖြစ် မေ ၉ရက်၌ ယှဉ်ပြိုင်ကစားမည့် မန်ယူ-ချယ်လ်ဆီးပွဲသည် ပွဲကြီးပွဲကောင်းတစ်ရပ် ဖြစ်လိမ့်မည်ဖြစ်ကြောင်း ချယ်လ်ဆီးမှ လမ်းပတ်က ပြောကြားလိုက်သည်။

- **ရီးရဲမက်ဒရစ်အသင်းသည် မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုအား ခေါ်ယူရန် လက်လျှော့ပေးလိမ့်မည်မဟုတ်ကြောင်း ရီးရဲဒါရိုက်တာ မီဂျာတိုဗစ်က ပြောကြားလိုက်သည်။**

- ပြင်သစ်ပထမတန်း ဘောလုံးပြိုင်ပွဲများကို ဧပြီ ၁၈ရက်က ယှဉ်ပြိုင်ကစားအပြီး လိုင်ယွန်အသင်းသည် ရမှတ် ၇၀ဖြင့် ဒုတိယနေရာမှ တူးလောက်အသင်းကို ၁၈မှတ်ဖြတ်ထားပြီဖြစ်၍ ခြောက်ကြိမ်မြောက် ဖလားဆွတ်ခူးရန် နီးကပ်လာသည်။ **(အင်တာနက်)**

ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယား ရာဖေးလ်နာဒယ်နှင့် ကစားရန်စိတ်လှုပ်ရှား

မာလော့ကာ ဧပြီ ၂၁

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် လာမည့်လတွင် ကမ္ဘာ့နံပါတ်နှစ် ရာဖေးလ်နာဒယ်နှင့် ကစားရမည်ဖြစ်၍ စိတ်လှုပ်ရှားနေသည်။

ဖက်ဒဲယားနှင့် နာဒယ်တို့သည် မေ ၂ရက်တွင် စပိန်နိုင်ငံ မာလော့ကာ၌ ထိပ်တိုက်ရင်ဆိုင် ကစားရတော့မည် ဖြစ်သည်။

မိမိသည် တင်းနစ်ကစားရသည်မှာ ယခုနှစ်ရာသီတွင် စိတ်လှုပ်ရှားမှုအဖြစ်ဆုံးဖြစ်ကြောင်း ဂလင်းဆလမ်ဖလား ၁၀လုံး ဆွတ်ခူးနိုင်ခဲ့သည့် ဖက်ဒဲယားက ပြောကြားသည်။

ယင်းတို့နှစ်ဦးကစားရမည့် တင်းနစ်ကွင်းသည် တစ်ဖက်တွင် မြေသားကွင်းဖြစ်ပြီး အခြားတစ်ဖက်မှာ မြက်ခင်းကွင်းဖြစ်သည်။

ထိုသို့ ကွင်းအနေအထား မတူညီမှုများသည် ကစားသမားများအတွက် ရိုက်ချက်များကို အထူးဂရုစိုက် ကစားရသည့် ပြိုင်ပွဲဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယား။
(ဓာတ်ပုံ-အင်တာနက်)

✡ *ကျော်ဖုံးမှ*

ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများနှင့် မြို့ပေါ်ရှိရပ်ကွက်(၁၀)ခုတို့မှ ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ရန်ကုန်–မန္တလေး ရထားလမ်းပေါ်တွင်ရှိသည့် ဒိုက်ဦးဘူတာနှင့် ဝေါမြို့နယ် စစ်တောင်းတံတား အနောက်ဘက် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ်ရထားလမ်းပေါ်၌ရှိသည့် ဆပ်သွားကုန်းဘူတာတို့ကို ဆက်စပ်ပြီး ဖောက်လုပ်ထားသော အရှည်မိုင်၂၄မိုင်ရှိ ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက **“လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ ဒေသတစ်ခုစီရဲ့ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့လည်း တိုးတက်ကောင်းမွန်လာမှာဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်းဆက်သွယ်တဲ့လမ်းများကောင်းမွန်ရန်လိုအပ်သကဲ့သို့ အခြားဒေသများနှင့်ဆက်သွယ်တဲ့လမ်းများ ကောင်းမွန်ရန်လိုအပ်ကြောင်း”** လမ်းညွှန်ခဲ့ကြောင်း။

ခံစားနေရပြီ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကို အခြေခံပြီး နိုင်ငံတော်၏ ပံ့ပိုးမှုတို့ဖြင့် အဆင့်ဆင့်သော စီမံချက်များ ချမှတ်ပြီး မိမိတို့ ပဲခူးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် လယ်ယာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ နည်းပညာကဏ္ဍ၊ သတင်းအချက်အလက်ကဏ္ဍ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍစသည်ဖြင့် ကဏ္ဍအသီးသီးတွင် တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများကို ဒေသခံမိဘပြည်သူများ မျက်ဝါးထင်ထင်ကိုယ်တွေ့ တွေ့ကြုံခံစားနေရပြီ ဖြစ်ကြောင်း။

ယခင်က မြန်မာနိုင်ငံအထက်ပိုင်းတိုင်းနှင့် ပြည်နယ်များမှ ပြည်သူများသည် မွန်ပြည်နယ်ရှိ မော်လမြိုင်မြို့နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့များသို့လည်းကောင်း၊ ထို့အတူ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းမှ ပြည်သူများသည်လည်း မြန်မာနိုင်ငံ အထက်ပိုင်းရှိ မြို့များသို့လည်းကောင်း ရထားဖြင့် အပြန်အလှန် ဆက်သွယ်သွားလာရာတွင် ရထားလမ်းဟာ တစ်ဆက်တည်းမရှိခဲ့သည့်အတွက် ပဲခူးဘူတာမှတစ်ဆင့်ပြောင်း၍ဖြစ်စေ၊ ရန်ကုန်ဘူတာမှဖြစ်စေ၊ ရထားပြောင်းစီးပြီး ခရီးဆက်ခဲ့ရသည့်အတွက် အချိန်ကုန်လူပန်းမှု၊ စရိတ်စက ပိုမိုကုန်ကျမှုစသော ဆိုးကျိုးများ ခံစားခဲ့ရမှာပင်ဖြစ်ကြောင်း။

ရပ်လုံးပေါ်လာ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဝန်ထမ်းများက ရန်ကုန်–မန္တလေး ရထားလမ်းမကြီးပေါ်ရှိ ဒိုက်ဦးဘူတာနှင့် ရန်ကုန်– မော်လမြိုင်–ရေး–ထားဝယ် ရထားလမ်းပေါ်ရှိ စစ်တောင်းတံတားအနောက်ဘက် ဆပ်သွားကုန်းဘူတာတို့ကို ဆက်စပ်ပြီး၊ ယနေ့တွင် ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ကချင်ပြည်နယ် မြစ်ကြီးနားမှ တနင်္သာရီတိုင်း၊ ထားဝယ်အထိပဲခူးမြို့ကို ဝင်စရာမလိုဘဲ တစ်ဆက် တစ်စပ်တည်း သွားလာနိုင်မည့် ရထားလမ်းကြီးအဖြစ် ပီပြင်စွာရုပ်လုံးပေါ်လာခဲ့ပြီဟု ပြောရမှာဖြစ်ကြောင်း။

ယခုလို တစ်နှစ်နှင့်လေးလတာကာလအတွင်းပြီးစီးအောင်တည်ဆောက်ပေးခဲ့ကြသော မြန်မာ့မီးရထားဝန်ထမ်းများ၏ဆောင်ရွက်မှုစွမ်းပကားများကိုလည်းမှတ်တမ်းတင်ပါကြောင်းပြောကြားသည်။**စာမျက်နှာ ၁၃ ကော်လံ ၁**

ရွာနားမှာ ဘူတာရုံလဲရှိ၊ ရထားကလဲနေ့တိုင်းပြေးဆွဲနေပြီ လယ်ယာထွက်ပစ္စည်းတွေ နေ့တိုင်းတင်ပို့နိုင်လို့ အတိုင်းမသိဝမ်းသာ

● *ကျော်ဖုံးမှ*

တွေ့ဆုံ

ဒိုက်ဦး–စစ်တောင်းရထားလမ်း ဖွင့်ပွဲသို့ ဒေသခံကျေးရွာများမှ ပြည်သူများ၊ တာဝန်ရှိအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တစ်ခဲနက်တက်ရောက်အားပေးခဲ့ကြရာ ဒေသခံ ပြည်သူများအားလုံး ပျော်ရွှင်ကြည်နူးဖွယ်ရာ နေ့တစ်နေ့ဖြစ်ခဲ့ သည်။ ထိုသို့ ဒေသခံပြည်သူများ

၏ အကျိုးစီးပွားကို ထိထိရောက်ရောက် အထောက်အကူပြုပေးနိုင်သည့်ဒိုက်ဦး–စစ်တောင်း မီးရထားလမ်းဖောက်လုပ်ပေးနိုင်ခဲ့မှုနှင့် ပတ်သက်၍ မြန်မာ့မီးရထားမှ တိုင်းအမှတ်(၆)တိုင်း သွားလာပို့ဆောင်ရေး မန်နေဂျာ ဦးထိန်ဝင်းအား တွေ့ဆုံမေးမြန်းခဲ့သည်။

“အရင်တုန်းကဆိုရင် မော်လမြိုင်မှ နေပြည်တော်ကိုသွားလာကြတဲ့ခရီးသွားပြည်သူတွေအနေနဲ့ ပဲခူးမြို့အထိသွားပြီး အဲဒီကမှ နေပြည်တော်ကိုသွားကြရတယ်၊ အခု ဒိုက်ဦး–စစ်တောင်း မီးရထားလမ်းဖောက်လုပ်ပေးနိုင်ခဲ့တာကြောင့် မော်လမြိုင်က ခရီးသည်တွေ တောက်လျှောက် နေပြည်တော်ကို ရထားစီးသွားလာနိုင်ကြပါပြီ၊ ခရီးမိုင် ၃၈မိုင်နဲ့ အချိန်နှစ်နာရီလောက် သက်သာလျော့နည်းသွားပါတယ်”ဟု ဦးထိန်ဝင်းက မြန်မာ့အလင်းသို့ ဦးစွာရှင်းပြသည်။

ယခင်က မော်လမြိုင်မြို့မှ ခရီးသွားများမှာ ပဲခူးမြို့သို့ မီးရထားစီးပြီး နေပြည်တော်သို့သွားရန် နောက်ရထားတစ်စီး ပြောင်းစီးရသည်။ တိုက်ရိုက်မဟုတ်၍ အချိန်ကုန်ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ရသည်။ ခရီးစရိတ် ငွေကုန်ကြေးကျလည်း များခဲ့သည်။ ခရီးစရိတ်နှင့် ပတ်သက်၍လည်း ဦးထိန်ဝင်းက “အခု ဖောက်လုပ်လိုက်တဲ့ ဒိုက်ဦး–စစ်တောင်း မီးရထားလမ်းကြောင့် မော်လမြိုင်–နေပြည်တော်ခရီးအတွက် ရိုးရိုးတန်းစီး ခရီးသည်တစ်ဦးအနေနဲ့ ကျပ် ၁၅၀ သက်သာပြီး ပထမတန်းစီး ခရီးသည် တစ်ဦးအတွက်ငွေကျပ် ၁၉၀ သက်သာသွားမယ်။ အထူးခြား ဆုံးက အခုလို ဒိုက်ဦး–စစ်တောင်း မီးရထားလမ်းဖောက်လုပ်နိုင်ခြင်းဟာထားဝယ်–နေပြည်တော်–မန္တလေး–မြစ်ကြီးနားအထိ တစ်ဆက်စပ်တည်း သွားလာနိုင်ခွင့်ရရှိခဲ့တာပဲ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

“ရွာနားမှာ ဘူတာရုံရှိလာပြီး ရထားက နေ့တိုင်း ပြေးဆွဲနေပြီဆိုတော့ အတိုင်းမသိ ဝမ်းသာရပါတယ်။” ဦးရွှေဇင်(မင်္ဂလွန်းကျေးရွာ)

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဒိုက်ဦး–စစ်တောင်းမီးရထားလမ်းပိုင်းတွင် ဘူတာလေးခုရှိပြီး ယင်းတို့မှာ အိမ်ခြေလေးဆယ်ဘူတာ၊ မင်္ဂလာလွန်းဘူတာ၊ မြစ်ကျိုးဘူတာနှင့် ဆတ်သွားကုန်းဘူတာများဖြစ်ပြီး ခရီးသည်များအတွက် အတက်အဆင်း ပြုလုပ်နိုင်ရန် ရပ်စခန်းနှစ်ခုဖြစ်သည့် ပလစ်နှင့် ဖက္ကလိပ် စခန်းနှစ်ခုကိုလည်း ဆောက်လုပ်ပေးထားသည်။ ရပ်စခန်းများတွင် အနီးဝန်းကျင် ရွာများမှ ဒေသခံပြည်သူများ မီးရထားစီးလျှင် ရထားပေါ်၌ တိုက်ရိုက်လက်မှတ် ရောင်းချပေးသွားရန်လည်း စီစဉ်ထားသည်။ မြန်မာ့မီးရထားက ဒေသခံကျေးရွာများမှ ပြည်သူများအတွက် မီးရထားစီးနင်းရာတွင် အဆင်ပြေရန် အတတ်နိုင်ဆုံး စီစဉ်ပေးထားခြင်းဖြစ်သည်။

လမ်းဖောက်လုပ်မှု

ထို့နောက် ဒိုက်ဦး–စစ်တောင်း မီးရထားလမ်းကို တာဝန်ယူဖောက်လုပ်ပေးခဲ့သော စီမံကိန်း အင်ဂျင်နီယာ ဦးဇော်မင်းဦးနှင့် တွေ့ဆုံကာ မီးရထားလမ်း ဖောက်လုပ်ရမှုနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ“ဒီရထားလမ်း စီမံကိန်းကို စတင် အကောင်အထည်ဖော်ချိန်နဲ့ ဖောက်လုပ်ပြီးစီးချိန်က တစ်နှစ်ကျော်လောက်ပဲ ကြာပါတယ်။ လမ်းဖောက်လုပ်တဲ့အခါမှာလဲ ရေနက်ကွင်း ဇရိယာဖြစ်ပြီး မိုးရာသီမှာ ရေလွှမ်းနေတာကြောင့် လုပ်ငန်းအခက်အခဲ အများကြီးကြုံတွေ့ခဲ့ရပါတယ်။ လမ်းဖောက်ရေးနဲ့ တည်ဆောက်ရေး ပစ္စည်းတွေကို ခက်ခက်ခဲခဲ သယ်ဆောင်ခဲ့ရတယ်။ ဒါပေမယ့် တစ်ရက်မှ လုပ်ငန်းရပ်ဆိုင်းခြင်းမရှိဘဲ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်”ဟုမြန်မာ့အလင်းသို့ရှင်းပြသည်။

မိုးရာသီတွင် ရေလွှမ်းနေတတ်သဖြင့် မြေတူးမြေဖို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများမှာ လွယ်ကူသည် မဟုတ်ချေ။ ထို့အပြင် ယခုလမ်းပိုင်းအတွင်း ချောင်းများကလည်း ရှိနေရာ တံတားတည်ဆောက်ရေး အပိုင်းများကိုလည်း ဆောင်ရွက်ခဲ့ရသည်။ ဒိုက်ဦး–စစ်တောင်းလမ်းပိုင်းတွင် ပေ ၁၀၀ အထက် လေးစင်းနှင့် ပေ ၁၀၀

ဒိုက်ဦး–စစ်တောင်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအပြီး ဒေသခံကျေးရွာများမှ ပြည်သူများက ဤသို့ လှိုက်လှဲပျော်ရွှင်စွာ နှုတ်ဆက်ကြသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အောက်တံတား ၁၇ စင်း တည်ဆောက်ခဲ့ရကြောင်း မီးရထားလမ်းပိုင်း ဖောက်လုပ်ရေးတွင် တာပေါင်မြေကြီးလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ဘူတာများ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရထားသံလမ်းခင်းခြင်းလုပ်ငန်း စသည့်အဓိကလုပ်ငန်းလေးခုကို ဆောင်ရွက်ခဲ့ကြောင်းလည်း စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက ရှင်းပြသည်။

အချိန်ကုန်ငွေကုန်သက်သာ

ယခုဖွင့်လှစ်လိုက်သည့် ဒိုက်ဦး–စစ်တောင်း ရထားလမ်းကြောင့် ဒေသခံကျေးရွာများမှ ပြည်သူများ ရွှင်ပြုံးအားရပီတိဖြစ် နေကြလျက်ရှိရာ သုံးခွကျေးရွာမှ ပဲမျိုးစုံ စိုက်ပျိုးလုပ်ကိုင်သူ မောင်တင်ဝင်းထွန်းအား မေးမြန်းရာ “ကျွန်တော်တို့ရွာကနေပြီး အရင်ကဒိုက်ဦးကိုလာရင် မိုးတွင်းဆို စက်လှေနဲ့ ၁၄ မိုင် ခရီး စီးရတယ်၊ နွေဆိုရင် ထော်လာဂျီနဲ့ ၁၄ မိုင် စီးပြီးလာရတယ်။ ခရီးစရိတ်က တစ်ယောက်ကို ငွေကျပ် ၇၀၀ လောက် ကုန်တယ်။ **အခု နွေ၊ မိုး၊ ဆောင်းမီးရထားနဲ့သွားလို့ရပြီဆိုတော့ အရမ်းအဆင်ပြေသွားပါပြီ၊ ခရီးစရိတ်ကလည်း ငွေကျပ်၇၀လောက်ပဲ ကုန်မှာဆိုတော့ အချိန်ကုန် ငွေကုန်သက်သာသွားလို့ အရမ်းဝမ်းသာပါတယ်”**ဟု အားတက်ရွှင်လန်းစွာ ပြောကြားသည်။

ထို့နောက် ဒိုက်ဦး–စစ်တောင်း မီးရထားလမ်းကိုမောင်းနှင်လာသော မီးရထားအား လာရောက်ကြည့်ရှုနေသော အဘွားတစ်ဦးအား မီးရထားလမ်း ဖောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍ ခံစားမှုကို မေးမြန်းရာ **“အဘွားကလေးအိမ်စုမှာတစ်သက်လုံးနေလာခဲ့တာပါ၊ရထားကိုမြင်ဖူးပေမယ့် တစ်ခါမှ မစီးဖူးပါဘူး၊ ရွာနားမှာ ရထားလမ်း ဖောက်မယ်လို့ သတင်းကြားတုန်းက ဟုတ်မှဟုတ်ရဲ့လားလို့ ထင်မိတယ်။ အခုတော့ တကယ့်ကို ဖြစ်လာတော့ ဝမ်းသာလိုက်တာ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ အခုမှ ရထားစီးပြီး ဘုရားဖူးသွားရမယ်ဟေ့”** ဟု ဝမ်းသာအားရ ပြောကြားသည်။

မီးရထားလမ်းဝဲယာရှိ ကျေးရွာများမှ ဒေသခံများက မီးရထားဖြတ်မောင်းလာသည်ကို ကြည်နူးပီတိဖြင့် အားပေးကြည့်ရှုလျက်ရှိသည်။ မိမိတို့ကျေးရွာအနီးမှ မမျှော်လင့်သောရထားလမ်းဖောက်ပြီး မီးရထားဖြတ်သန်းမောင်းနှင်နေသည်ကိုပင် ဂုဏ်ယူဝင့်ကြွားနေကြပြီဖြစ်သည်။

ခရီး ၃၈ မိုင်နဲ့ အချိန်နှစ်နာရီလောက် သက်သာလျော့နည်းသွားပါတယ်။

ဦးထိန်ဝင်း(မန်နေဂျာ)
တိုင်းအမှတ်(၆)သွားလာပို့ဆောင်ရေး (မြန်မာ့မီးရထား)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

တစ်ဖန် မင်္ဂလွန်းဘူတာ၌ မီးရထားမောင်းနှင်လာမှုကို တကူးတက လာရောက်ကြည့်ရှုနေသော အသက် ၅၅နှစ်အရွယ်ရှိ လယ်လုပ်သားကြီး ဦးရွှေဇင်အား ခံစားရမှုကို မေးမြန်းကြည့်ရာ **“ရွာနားမှာ ဘူတာရုံလဲရှိလာပြီ ရထားကလဲ နေ့တိုင်းပြေးဆွဲနေပြီဆိုတော့ လယ်ယာထွက်ကုန်တွေ၊ ရေထွက်ပစ္စည်းတွေ နေ့တိုင်းတင်ပို့ပေးလို့ရပြီမို့ အတိုင်းမသိ ဝမ်းသာရပါတယ်။ ခရီးစရိတ်ကလဲ သက်သာတော့ သွားလာရေးအပန်းမကြီးတော့ဘူးပေါ့၊ အားလုံးကို ကျေးဇူးတင်ပါတယ်”** ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ထို့နောက် အထက်ကွေ့ကျေးရွာတွင် နေထိုင်ပြီးယာလုပ်ငန်းလုပ်ကိုင်ကာ မြစ်ကျိုးဘူတာရှေ့ယာကွင်း၌ ပဲကောက်ပြီး ပြန်လာသော မဝါဝါလွင်အား မီးရထားလမ်း ဖောက်လုပ်နိုင်ခဲ့မှုအပေါ် မေးမြန်းကြည့်ရာ **“အရင်က ဒီနေရာတွေမှာ သွားလာရေးမလွယ်ကူဘူး၊ မိုးတွင်းဆိုရင် လှေတွေနဲ့သွားရတယ်၊ နွေဆိုရင် ခြေကျင်၊ လှည်း၊ ထော်လာဂျီတွေနဲ့သွားရတာ၊ အခုတော့ ကျွန်မတို့သွားလာရေး အဆင်ပြေသွားပြီ ကျွန်မတို့ရွာကလူတွေလဲ အရမ်းဝမ်းသာနေကြတယ်။ ကျွန်မတို့က အခုမီးရထားစီးရင် မြစ်ကျိုးဘူတာက စီးရမယ်။ အခုဆိုရင်သွားချင်တဲ့နေရာကို မီးရထားစီးပြီး ဖိမ်နဲ့သွားလို့ရပြီ”** ဟုပျော်ရွှင်စွာ ပြောကြားသွားသည်။

ဒိုက်ဦး– စစ်တောင်း မီးရထားလမ်းသည် အရှည် ၂၄မိုင်ရှိပြီး မြန်မာနိုင်ငံအောက်ပိုင်း ထားဝယ်မြို့မှ မြန်မာနိုင်ငံအထက်ပိုင်း မြစ်ကြီးနားမြို့အထိ တစ်ဆက်တစ်စပ်တည်းသွားလာနိုင်ရေး အတွက် အဓိကကျသော မီးရထားလမ်းဖြစ်သကဲ့သို့ နေပြည်တော်– ဒိုက်ဦး–စစ်တောင်း–မော်လမြိုင်ခရီးစဉ်အတွက်လည်း ထိထိရောက်ရောက် အကျိုးပြုသည့် လမ်းပိုင်းဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မီးရထားလမ်း ဖြစ်ပါကြောင်း ကွင်းဆင်းမေးမြန်း ရေးသားဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

စာမျက်နှာ ၁၂ မှ

ဆက်လက်၍ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကား ပြောကြားရာ၌ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"ယနေ့ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများတွင် အဓိက လိုအပ်ချက်များရှိရာ ယင်းလိုအပ်ချက် များထဲ၌ လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေးသည် အလွန်အရေးကြီး သည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ရေးတွင် နိုင်ငံရေးအရ၊ စီးပွားရေးအရ အရေးကြီးသကဲ့သို့ လမ်းပန်းဆက်သွယ်ရေးသည်လည်း အဓိကကျကြောင်း" "လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မှသာ စီးပွား ရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း"** လမ်းညွှန်ခဲ့ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုများတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းပန်းဆက်သွယ်ရေးဟာ အလွန်အရေးပါသည်ကို တွေ့ရှိရမှာဖြစ် ကြောင်း။

ပြေးဆွဲ

ယနေ့အခမ်းအနားသည် အရှည် မိုင် ၂၄ မိုင်ရှိသည့် ဒိုက်ဦး-စစ်တောင်း ရထားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားဖြစ် ကြောင်း၊ယင်းရထားလမ်းကိုနိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ရန်ကုန်-မန္တလေးရထားလမ်းပေါ်မှာရှိသည့်ဒိုက်ဦး ဘူတာကနေ ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်းပေါ်ရှိ စစ်တောင်းတံတား၏ အနောက်ဘက် ဆပ်သွားကုန်းဘူတာအထိ အဓိက ရထားလမ်းနှစ်ခုကြား ဖြတ်လမ်း သဘောမျိုး ဆက်စပ်ဖောက်လုပ်ထား သည့် ရထားလမ်းဖြစ်သည့်အတွက် မူလရှိပြီးသား ရထားလမ်းများနှင့် ဆက်စပ်လိုက်ပါက မြန်မာနိုင်ငံ မြောက်ဘက်ခြမ်း မြစ်ကြီးနားမြို့မှ တောင်ဘက်ခြမ်း ထားဝယ်မြို့အထိ တစ်ဆက်တည်း သွားလာနိုင်တော့မှာ ဖြစ်ကြောင်း၊ ၂၂-၄-၂၀၀၇ရက်မှ စတင်၍ နေပြည်တော်-မော်လမြိုင်-နေပြည်တော် ရထားခရီးစဉ်ကိုလည်း ပြေးဆွဲပေးမှာဖြစ်ကြောင်း အသိပေး ပြောကြားလိုကြောင်း။

ယနေ့ ဒိုက်ဦး-စစ်တောင်း ရထား လမ်းသစ်ကို ဆက်စပ်ဖွင့်လှစ်နိုင်သည့်

ပဲခူးတိုင်း အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ် ဌာ န ချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကို ဒိုက်ဦး-စစ်တောင်း ရထား လမ်းသစ် ဖွင့်ပွဲ တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အတွက် မူလက ဒိုက်ဦးမှ ပဲခူး၊ ပဲခူးမှ စစ်တောင်းအထိ ၆၂မိုင် ရှိခဲ့ရာမှ ပဲခူးအထိ သွားစရာမလိုတော့သည့် အတွက် ခရီးမိုင် ၃၈ မိုင်တိတိ လျော့ နည်းသွားမှာဖြစ်ကြောင်း။

စတင်ဆောင်ရွက်

ဒိုက်ဦး-စစ်တောင်းရထားလမ်း သည် ၂၄မိုင်ရှည်လျားပြီး ပေ၁၀၀ အထက် တံတားလေးစင်းအပါအဝင် တံတားကြီးငယ်၂၁စင်း၊ ရထားလမ်း ကွေ့ပေါင်း ၁၁ ကွေ့ ပါဝင်ကြောင်း၊ ယင်းရထားလမ်းကို ၁၂-၁၂-၂၀၀၅ ရက်တွင် မြေတိုင်းတာပြီး မြေကြီး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကာ ယနေ့တွင်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် (ဖောက်လုပ်တည်ဆောက်ချိန် တစ်နှစ် နှင့် လေးလကြာမြင့်ခဲ့ကြောင်း။)

၂၀-၅-၂၀၀၃ရက်တွင် အင်းစိန် စက်ခေါင်းရုံသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာရောက် စစ်ဆေးစဉ်ကလည်း **"နိုင်ငံတော်ရဲ့ ပို့ဆောင်ရေးကဏ္ဍနဲ့ မော်တော်ယာဉ် ပို့ဆောင်ရေးကဏ္ဍတို့ဟာ အဓိက ကျတဲ့ ကဏ္ဍများ ဖြစ်ကြတယ်။ ဒါကြောင့် ရထားပို့ဆောင်ရေးကဏ္ဍ ရဲ့ စွမ်းရည်ကို ပြန်လည်မြှင့်တင်ရ မှာဖြစ်ကြောင်း"**လမ်းညွှန်မှာကြား ခဲ့ပါကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော် စသည့် ရပ်ပိုင်းဆိုင်ရာ တိုးတက် ကောင်းမွန်ရေးသာမက ခရီးသွား ပြည်သူများ အဆင်ပြေစွာ သွားလာ နိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း။

ဖောက်လုပ်တည်ဆောက်

ရထားလမ်းအနေနှင့် ၁၉၈၈ ခုနှစ် မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅ မိုင်သာ ရှိခဲ့ရာ ယနေ့ဖွင့်လှစ် မည့် ဒိုက်ဦး-စစ်တောင်း ရထားလမ်း အပါအဝင် တပ်မတော်အစိုးရ လက် ထက်တွင် ရထားလမ်းအရှည် ၁၁၆၆ ဒသမ ၄၄ မိုင် တိုးချဲ့ဖောက်လုပ်နိုင် ခဲ့သဖြင့် ယနေ့ ရထားလမ်းအရှည် စုစုပေါင်း ၃၁၄၂ ဒသမ ၇၉ မိုင်ကို လည်းကောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီက ဘူတာပေါင်း ၄၈၇ ဘူတာသာရှိခဲ့ရာက တပ်မတော်အစိုးရလက်ထက်တွင် ၃၁၇ ဘူတာ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့်

အမှာစကား ပြောကြား

ရထားပို့ဆောင် ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းဒိုက်ဦး-စစ်တောင်း ရထား လမ်းသစ် ဖွင့်ပွဲ တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် အညီ ရထားလမ်းများ ပိုမိုတိုးတက် ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့် မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုး တိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန် အတွက် ရထားလမ်းသစ်များ တိုးချဲ့ ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာ စွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး

ယနေ့တွင် ဘူတာရုံစုစုပေါင်း ၈၀၄ ဘူတာကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ် မတိုင်မီက တံတားကြီး/ငယ်စုစုပေါင်း ၅၆၅၀ လုံးရှိခဲ့ရာက တပ်မတော်အစိုး ရလက်ထက်တွင် တံတားကြီး/ငယ် ၄၀၃၂ လုံး ထပ်မံတည်ဆောက်နိုင်ခဲ့ သဖြင့် ယနေ့အချိန်တွင် တံတားကြီး/ ငယ်စုစုပေါင်း ၉၆၈၂ လုံးကိုလည်း ကောင်း ဖောက်လုပ်တည်ဆောက်ပေး နိုင်ခဲ့ပြီးဖြစ်ကြောင်း။

အရှေ့ရန်ကင်း တိုက်၂၂၇၊ အခန်း ၁၅ နေ ဦးခင်မောင်လွင်-ဒေါ်ခင် စန်းမာ မိသားစုက ဦးခင်မောင်လွင်(၅၈)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံ မြို့နယ်အမှတ်၁၆ စကားဝါးလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆက်လက်၍လည်းကြီးနီ-ချောက် ရထားလမ်းသစ် ၅ မိုင်၊ ပျဉ်းမနား-မြို့ဟောင်းဒွေးလမ်း(ကျည်တောင်ကန်-ကျောက်ဆည်လမ်းပိုင်း) ၁၂၃ ဒသမ ၈၀ မိုင်၊ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း ၁၆ ဒသမ ၁၉ မိုင်၊ ကြံခင်း-ပခုက္ကူ ရထားလမ်း ၃၂၂ ဒသမ ၅၀ မိုင်တို့ကို ဖောက်လုပ်လျက် ရှိကြောင်း ပြောကြားသည်။

ကျေးဇူးတင်စကား

ယင်းနောက် ဒိုက်ဦးမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက နိုင်ငံတော်မှ ဒိုက်ဦး-စစ်တောင်းရထားလမ်း ဖောက် လုပ်ပေးခြင်းအတွက် ကျေးဇူးတင် စကားပြောကြားသည်။

ပက်ဖျန်း

ထို့နောက် ပဲခူးတိုင်းအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း နှင့် ဒုတိယဝန်ကြီးများက ဒိုက်ဦး-စစ်တောင်းရထားလမ်းသစ်ပေါ်၌စတင် ပြေးဆွဲမည့်မင်္ဂလာရထားကြီးအား အမွှေး နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် ကိုကို၊ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့ က ဒိုက်ဦး-စစ်တောင်း ရထားလမ်း သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြပြီး မှတ်ဦးဆိုင်းဘုတ်ရှေ့၌ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စီးနင်းလိုက်ပါ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဒေသခံပြည်သူ များသည် ယနေ့ အသစ်ဖွင့်လှစ်လိုက် သည့် ဒိုက်ဦး-စစ်တောင်းရထား လမ်းသစ်ပေါ်၌ စတင်ပြေးဆွဲသည့် မင်္ဂလာရထားကြီးပေါ်သို့ တက်ရောက် ကြည့်ရှုစစ်ဆေးပြီး ဒိုက်ဦး-စစ်တောင်း ရထားလမ်း တစ်လျှောက် စီးနင်း လိုက်ပါကြည့်ရှုစစ်ဆေးကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီး ဌာန မြန်မာ့မီးရထားက ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်သို့ တိုက်ရိုက်သွားလာနိုင်ရန် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ကိုလည်း သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဧပြီ ၁၇ ရက် (နှစ်ဆန်း တစ်ရက်နေ့) က သက်ကြီး အဘိုး အဘွား ၅၀ အား ကျန်းမာရေး စစ်ဆေးခြင်း၊ ဆေးကုသပေးခြင်း၊ အဖျော် ယမကာများ တိုက်ကျွေးခြင်း၊ သက်ကြီးပူဇော်ပွဲ ထောက်ပံ့ ငွေများ လှူဒါန်းခြင်းကို မြို့နယ် အသင်းရုံး၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင် ဝင်း၊ မြို့နယ် ကျန်းမာရေးမှူး ဒေါက်တာ ဒေါ်ခင်လှဆွေနှင့် ဆရာဝန် ဆရာမများ၊ ဆေး အလှူရှင် မြို့နယ်အမှုဆောင် ဒေါ်ဥမ္မာထွန်းနှင့် အမှုဆောင် များက ပါဝင်ကူညီဆောင်ရွက် ကြစဉ်။ (၂၀၀)

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန်

မြန်မာ့မာန်ကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော

"**သုခစုစံ** ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ"မှ

မလေးရှားနိုင်ငံတွင်တာဝန်ထမ်းဆောင်ရန် အောက်ပါအထွေထွေလုပ်သားများ အမြန်လိုအပ်လျက်ရှိပါသည်။

(1) Alcenco Sdn. Bhd. (စာပုံနှိပ်စက်လုပ်သား) ကျား (၂၀)ဦး
လစာ တစ်ရက်လျှင်(ရင်းဂစ်-၂၁)ဖြင့် အချိန်ပိုလုပ်ခအပါအဝင်(ရင်းဂစ်-၇၅၀)

(2) Maxi Maxipower Engineering Sdn. Bhd. (စက်ရုံလုပ်သား) ကျား (၃၀)ဦး
လစာ တစ်ရက်လျှင်(ရင်းဂစ်-၂၁)ဖြင့် အချိန်ပိုလုပ်ခအပါအဝင်(ရင်းဂစ်-၇၅၀)

(3) Unique Capability Sdn. Bhd. (ကားတာယာစက်ရုံလုပ်သား) ကျား (၃၀)ဦး
လစာ တစ်ရက်လျှင်(ရင်းဂစ်-၂၁)ဖြင့် အချိန်ပိုလုပ်ခအပါအဝင်(ရင်းဂစ်-၇၅၀)

(4) Apex-Pal Malaysia Sdn. Bhd. (စားသောက်ဆိုင်လုပ်သား) ကျား (၅၀)ဦး
လစာ တစ်ရက်လျှင်(ရင်းဂစ်-၂၁)ဖြင့် အချိန်ပိုအပါအဝင်(ရင်းဂစ်-၈၀၀)၊ နေ/စားငြိမ်း စီစဉ်ပေးမည်၊ အင်္ဂလိပ်စကားအခြေခံပြောဆိုတတ်၍ စားသောက်ဆိုင်လုပ်ငန်းအတွေ့အကြုံရှိပါက ဦးစားပေးရွေးချယ်မည်။

သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

အမှတ် (107-မြေညီ)၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ကျောက်တံတား၊ ရန်ကုန်။

Tel : 386877-253298-385758-392233

Websites : www.tksstkss.com / www.ctamtours.com

မိုးသောက်ပန်း ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်နေသည့်

အမှတ်(၁၂)၊ ရှမ်းကုန်းလမ်းနှင့်မြဝတီလမ်းထောင့်ရှိ (၈) ထပ်တိုက်၊

(ဓာတ်လှေကား)ပါ တိုက်ခန်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။





ဆက်သွယ်ရန် လိပ်စာ

အမှတ်(၂၀၅)၊ အနော်ရထာလမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်။

PH: 01-245394 (Office).

HP: 09 5011477. 09 5116392. 09 9923526.

MYANMAR HIP HOP FESTIVAL

J.me - ရဲလေး - Cyclone - On Track

ကြက်ဖ - ရသ

ရေဗက္ကာဝင်း - Bambino - နန်းဆုရတီစိုး

စန္ဒီမြင့်လွင် Deebeez - Witch

DJ Thaw Thaw

ဝင်ကြေး 3000 Ks

နေရာ မြို့ပိုင်ညို ● နေ့ရက် 27 . 4 . 2007 [Fri] ● အချိန် 5 : 00 pm

ကြိုတင်လက်မှတ်

မြရိပ်ညို၊ KSL (FMI,DAGON), မနှင်း (09-5125670), UNCLE SAN(FMI,DAGON,YANKIN)

ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများ 09 5010432, 573148 သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

တောင်ကြီးမြို့နေ [လင်အိမ်ဖတ်(ခ)ဦးသိန်း-ဒေါ်ရွှတ်ရှင်]
ကျိုက်လတ်မြို့နေ ဦးကောက်-ဒေါ်ကျင်ဟုန်တို့၏မြေး
ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် ၈၅၊ ပထမထပ်နေ
ဦးခင်မောင်ရီ-ဒေါ်ရီရီမြင့်တို့၏သားကြီး

မောင်ရွှေလှိုင်ဦး B.A (English)

(ထူးပြည့်စုံ ဆန်ရောင်းဝယ်ရေး)

နှင့်

အင်းစိန်မြို့နေ ဦးအုန်းကြိုင်-ဒေါ်စန်း၊ [တန်စိန်လုံ(ခ)ဦးမြရွှေ]-ဒေါ်လှသီတို့၏မြေး၊
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (က-၁၃၇/ဘီ)၊ ခတ္တာလမ်း၊ ဘုရင့်နောင်နေ
ဦးသိန်းထွန်း-ဒေါ်ချိုချိုတို့၏သမီးကြီး

မချိုရည်မွန် B.A (Myanmar)

(မြရွှေစင် ဆန်ရောင်းဝယ်ရေး)

တို့၏ ၁၉-၄-၂၀၀၇ရက် (ကြာသပတေးနေ့) ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၌ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးနှင့် ၂၁-၄-၂၀၀၇ရက်(စနေနေ့) Western Park Royal ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဘိုးဘိုးလေး ဒေါက်တာဦးကြည်ဦးနှင့် ဘွားဘွားလေး ဒေါက်တာဒေါ်ဥမ္မာသွင်တို့အားလည်းကောင်း၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးသော ဗိုလ်ချုပ်ဈေး စိန်ရတနာမှ ဦးဘွန်စိန်-ဒေါ်ချိုချိုလွင်တို့အားလည်းကောင်း၊ မင်္ဂလာလမ်းပြအဖြစ်ဆောင်ရွက်ပေးသော မောင်ကျော်ဇင်မိုး၊ မင်္ဂလာအခမ်းအနားမှူး မယုယုမော်၊ မင်္ဂလာသီချင်းများ တီးခတ်သီဆိုပေးသော The Aces တေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများ စီစဉ်ပေးသော YONE YONE နှင့် Forever၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဦးမောင်မောင်ညွှပ်နှင့်အဖွဲ့တို့အားလည်းကောင်း၊ Western Park Royal မှ မန်နေဂျာ၊ စားဖိုမှူးကြီးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရွှေလှိုင်ဦး-မချိုရည်မွန်။

ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၈လမ်း၊ အမှတ် ၉နေ
ဦးမျိုးလွင်(ညွှန်ကြားရေးမှူး၊ ငြိမ်း စက်မှုဆေးဝါး)-ဒေါ်ဝင်းကြည်(မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်/လယ်ယာ)
တို့၏သား

မောင်ထွန်းဝင်းလွင် B.E Electronic (YTU), M. Comp (NUS)

Team Leader (Cambridge Solution Pte Ltd, Singapore)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၆လမ်း၊ အမှတ် ၂၁ နေ
ဦးမောင်ရွှေ(အရာခံဗိုလ်၊ ငြိမ်း၊ ရကတ)-ဒေါ်သန်းစိန်(အလပြ၊ ငြိမ်း၊ အထက-၅၊ ကမာရွတ်)
တို့၏သမီး

မစုမြတ်မင်းရွှေ M.C.Sc (UCSY) M.Comp (NUS)

Software Engineer (iWOW Technology Pte Ltd, Singapore)

တို့၏ ၂၃-၃-၂၀၀၇ရက် (သောကြာနေ့) Garden Hotel, Singapore ၌ ကျင်းပသော လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် ၂၅-၃-၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် Garden Hotel, Singapore ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့လည်းကောင်း၊ ရန်ကုန်မြို့ နေအိမ်များ၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၂၁-၄-၂၀၀၇ရက် (စနေနေ့) Sedona Hotel ၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့လည်းကောင်း ကြွရောက်ချီးမြှင့်ပေးကြသော ထိမ်းမြားမင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဂုဏ်သရေရှိလူကြီးမင်းအပေါင်း၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းဝင်းလွင်-မစုမြတ်မင်းရွှေ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့၊ အမှတ်(၃)သူဌေးကုန်းရပ်နေ
ဦးတင်ငွေ(အထက၊သဲတော-ဝမ်းတွင်း)-ဒေါ်မေသန်းဦးတို့၏သားကြီး

မောင်ကျော်စွာလင်း B.Sc, (Physics)

ဒုတိယမြို့နယ်ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ဝေးမြို့

နှင့်

မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ
ဦးမောင်မောင်ခင်(လ/ထညွှန်ကြားရေးမှူး၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊သရက်ခရိုင်)-
ဒေါ်ခင်မာလာတို့၏သမီးကြီး

မနှင်းနန္ဒာမောင်(ခ)မယဉ်မွန်ဦး Dip; Ed (3rd Year, English)

အမက(မြို့ကုန်း)

တို့သည် ၁၇-၄-၂၀၀၇ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စွာလင်း-မနှင်းနန္ဒာမောင်(ခ)မယဉ်မွန်ဦး။

ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်

၁၈-၄-၂၀၀၇ရက် မွန်းတည့် ၁၂နာရီခန့်တွင် ကမ္ဘာအေးဘုရားလမ်းမှလင့်လမ်းသို့ ငှားစီးလာသော အဖြူရောင် (TAXI)ပေါ်တွင် ငွေဖြင့်ပြုလုပ်ထားပြီး ရွှေရောင်စိမ်ထားသော ပစ္စည်းရှစ်မျိုးထည့်ထားသည့် အိတ်အနီတစ်လုံး မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဒေါ်ချိုလေးရွှေ ဖုန်း-၅၃၇၈၂၇၊ ၇၂၁၁၅၆။**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၂လမ်း၊ အမှတ် ၁၀၆ နေ
ဒုတိယဗိုလ်မှူးကြီးခင်ဦး(ငြိမ်း)-(ဒေါ်သိန်းခင်)တို့၏သား

မောင်ဇော်မြင့်ဦး B.Sc (I.C),

2nd Officer Uniteam Maring Ltd.

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၈၂(A)နေ
(ဒုတိယဗိုလ်မှူးကြီးခင်မောင်ချို-ငြိမ်း)-ဒေါ်ခင်ရီတို့၏သမီးထွေး

ဗိုလ်မှူးသီတာချို M.B.,B.S M.Med.Sc (Physiology)

ကထိက၊ တပ်မတော်ဆေးတက္ကသိုလ်

တို့၏ ၂၁-၄-၂၀၀၇ရက် (စနေနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မြင့်ဦး-ဗိုလ်မှူးသီတာချို။

တင်ဒါများဖိတ်ခေါ်ခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန လက်အောက်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှော်ကား)တွင် တည်ဆောက်မည့် ငါးခန်းတွဲ သုံးထပ်စာသင်ဆောင် တစ်လုံးနှင့် ခြောက်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ နှစ်လုံးဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို(BQ)နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ အကူအညီရယူနိုင်သည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့်တင်ဒါတင်သွင်းသူမှလိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာများမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

(က) ပါမောက္ခချုပ်
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ရန်ကုန်မြို့
ဖုန်း-၀၁-၆၆၄၂၅၀၊ ၆၁၀၆၅၅

(ခ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ရုံးအမှတ်၂၁၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၀၀၃၊ ၄၀၄၄၅၆

၅။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အထက်ပါအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

Account Care Group

၂၀၀၇ နှစ်ဦး၏ အထူးအစီအစဉ်သစ်

အဆင့်မြင့်ကောင်းမွန်သော Peachtree2007 ဖြင့်စာရင်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များသို့သတင်းကောင်းပါး အပ်ပါသည်။

387468, 0951 20761, 0951 41738 စာရင်းဝန်ဆောင်မှုတာဝန်ခံ

တရားဝင်ဇနီးဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ ဆယ်ရွာကျေးရွာနေ မဆန်းငွေး (ဘ)ဦးပိန် မှတ်ပုံတင်အမှတ် ၁၂/သခန(နိုင်)၀၄၉၀၄၅ ကိုင်ဆောင်သူနှင့် ဆယ်ရွာကျေးရွာနေ ကိုဝင်းအောင် (ဘ)ဦးစိန်မင်း မှတ်ပုံတင်အမှတ် TGA-၀၄၇၆၀၇ ကိုင်ဆောင်သူတို့သည် ၂၉-၄-၂၀၀၅ရက်တွင် အသိသက်သေများဖြစ်သော ဦးလှထွန်း၊ ဦးမြင့်ဇော်တို့အား အသိသက်သေထား၍ သုံးခွမြို့နယ် တရားသူကြီးဦးဇော်ထူးရှေ့မှောက်တွင် တရားဝင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးထားပါသဖြင့် ကျွန်မ မဆန်းငွေးသည် ကိုဝင်းအောင်၏ တရားဝင်ဇနီးမယားဖြစ်ပါကြောင်း။

မဆန်းငွေး
မှတ်ပုံတင်အမှတ် ၁၂/သခန(နိုင်)၀၄၉၀၄၅၊
ဆယ်ရွာကျေးရွာ၊ သုံးခွမြို့နယ်။

အမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း ဦးလှသောင်း၏သား မောင်တင့်လွင်ဦး ၁၂/မဂဒ(နိုင်)၀၈၆၃၀၇ သည် မိဘနှင့်မိသားစုများကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေခံသားအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ အရှုပ်အရှင်းများကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးလှသောင်း(ရန်ကုန်)။**

ယနေ့ မီးဘေးကြိုတင် ကာကွယ်ရေးသည်
မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

အမည်ပြောင်း

အဖ ဦးမျိုးမင်းဦး၏သား ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(T.T.C) တတိယတန်း(E)တွင် ပညာသင်ကြားနေသော မောင်ကျော်မင်းသန်းအား ယနေ့မှစ၍ မောင်ဇင်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇင်လင်းထက်။**

အမည်ပြောင်း

အဖ ဦးခင်မောင်လွင်၏ သမီးဖြစ်သူ အထက(၁)ဒဂုံ Grade (IV) (E)မှ မရည်မွန်လွင်အား မခင်ရည်မွန်ဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ရည်မွန်။**

ကျေးဇူးဆပ်ပါမည်

၁၈-၄-၂၀၀၇ရက်က ရန်ကုန်မြို့ စံပြရုံမှတ်တိုင်အနီးတွင် ဝန်ထမ်းကတ်တစ်ခုနှင့် ဖလင်(၄)လိပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန် မေတ္တာရပ်ခံပါသည်။ **ဦးအောင်သန်း(စမ်းချောင်း)**
ဖုန်း- ၀၉-၅၁၄၈၅၃၃၊ ၀၉-၈၀၂၃၅၂၃၊ ၀၉-၅၁၉၄၅၁၉။

Golden Star
ချောင်းသာ နေ့စဉ်
ငွေဆောင် April 27,28
အမှတ်-၂၄၊ ၁၅၃လမ်း၊ တာမွေ။
Ph:544383,09-5133640

ရွှေထိပ်တန်း AIR-CON: EXPRESS
ချောင်းသာ(နေ့စဉ်) 10 PM
Hotel, Guest House စီစဉ်ပေးသည်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ (သောကြာအပတ်စဉ်)
ဦးလှိုင်ခင်းရှိန် -၂၂၆၊ မန်းဆိုးတန်းလမ်း (အထက်)
0951-83449
386361

OD Tour Travels & Tours Co.,Ltd.
၁)တောင်ကြီးခရီးစဉ် (2) ပုဂံခရီးစဉ် (၃) ရွှေလီခရီးစဉ် April 27,28
၄)စစ်တွေ၊ကျောက်တော်၊မြောက်ဦး April 27,28
၅)ငပလီ(Daily Flight)၊ ကားမျိုးစုံ စီစဉ်ပေးပါသည်
No.52(A)၊ပထမထပ်၊ကျွန်းတောလမ်း၊စမ်းချောင်း၊
☎ 504808,537672,09-510-8087

ရေခဲမုန့်၊ မစ်ရှိတ်၊ အအေးစုံ၊ ကိတ်နှင့် မုန့်ဖုတ်သင်တန်း
စီးပွားဖြစ် အချိုရည်၊ ဖျော်ရည်၊ ဂျယ်လီမျိုးစုံထုတ်လုပ်သင်တန်း
သင်တန်းရက် (1)(25-4-07)မှ (30-4-07) သင်တန်းရက် (2)(27-4-07)မှ (2-5-07)ထိ
Master သင်တန်း၊ အမှတ်(၄၆)၊ဘိုကလေးဈေးလမ်း၊(အောက်ဘလောက်) (ဂမုန်းပွင့်ကုန်တိုက်အနီး)၊ရန်ကုန်၊ဖုန်း-09-5134497 (VCDပေးမည်)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ဇော်မင်းအောင် မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၁၀၂၃၇၄သည် မိခင်စိတ်ဆင်းရဲအောင်ပြုလုပ်၍ အိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်တင်တင်ချို။

ရောင်းမည်

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်းမကြီးပေါ် ၂၅ပေ x ပေ ၆၀၊ ပထမထပ်၊ ရေမီးကိုယ်ပိုင်၊ စီးပွားရေးလုပ်ရန် နေရာကောင်း။

ဆက်သွယ်ရန်-
ဖုန်း - ၇၂၂၇၉၁၊ ၃၈၄၄၄၉၊ ၀၉-၅၁၀၀၅၂၇၊ ၀၉-၉၉၇၀၅၈၃။

သမီးနှင့်သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၅၁)နေ ကျွန်တော်၏သမီး မရတနာညီညီ ၁၂/တမန(နိုင်) ၁၁၃၂၂၇နှင့် သားဖြစ်သူ မောင်ပြည့်စုံညီညီ ၁၂/တမန(နိုင်) ၁၁၄၄၆၈မောင်နှမနှစ်ဦးသည် ဖခင်အပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ဖခင်၏ဆုံးမညွှန်ကြားမှုကို လိုက်နာခြင်းမရှိသည့်အတွက် သမီးနှင့်သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း၊ မရတနာညီညီနှင့် မောင်ပြည့်စုံညီညီတို့၏ ပတ်သက်သမျှကိစ္စအဝဝကို တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဖခင်-ဦးညီညီသိန်း။

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၁

ကဆုန်လပြည့်နေ့သည် ဗျာဒိတ်တော်ခံ၊ ဖွား၊ ပွင့်၊ စံ ဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဘဝဖြစ်စဉ်တော် နေ့ထူးနေ့မြတ်ဖြစ်ပြီး ဗုဒ္ဓနေ့အဖြစ်သတ်မှတ်၍ မြတ်စွာဘုရားရှင်အား အထူးပူဇော်နိုင်ရန် ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ပရိဝုဏ်အတွင်း ပရိဘောဂစေတီအဖြစ် စိုက်ပျိုး ကိုးကွယ်ထားသည့် ဗောဓိပင်အား ညောင်ရေသွန်းပူဇော်နိုင်ရန် ကဆုန်ညောင်ရေသွန်းပွဲကို ဧပြီ ၃၀ရက် (ကဆုန်လပြည့်နေ့) တနင်္လာနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တောင်ကြီးမြို့ ဥဩလမ်း ကတ္တရာလမ်းဖွင့်

တောင်ကြီး ဧပြီ ၁၂

တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် မြို့တွင်းကတ္တရာလမ်း ဥဩလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက်က အဆိုပါလမ်းမုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်မှ ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ဥဩလမ်းကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ပြည်နယ်မှူး ဦးသောင်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဥဩလမ်းကတ္တရာလမ်းသစ် အရှည်ပေ ၆၉၀ ၊ အကျယ် ၁၂ပေ ကို ငွေကျပ် ၃၁၃၀၀၀၀ဖြင့် အကုန်အကျခံ၍ ရပ်ကွက်ပြည်သူများနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မျိုးစပါး လယ်မြေတစ်ဧက အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်း
ညောင်တုန်းမြို့နယ်၌ စပါးစံကွက် တစ်ဧက တင်း ၁၃၀ထွက်ရှိ

ညောင်တုန်း ဧပြီ ၁၄

မျိုးစပါး နို့ဆီဘူးသုံးလုံးဖြင့် လယ်မြေတစ်ဧကကို အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းခဲ့ပြီး စပါးတင်း ၁၀၀ ကျော် ထွက်ရှိသော ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာအုပ်စု ကဇန်းကျေးရွာ ကွင်းအမှတ် ၄၁၈(က) ဦးပိုင် ၂၇၉ ပုဂ္ဂလိကတောင်သူလုပ်ငန်းရှင် ဦးမင်း၏ စံကွက်၂၆၄ပေx၁၆၅ပေ (တစ်ဧက)ကွက် စံကွက်ရိတ်သိမ်းပွဲကို ဧပြီ ၇ ရက်က ကျင်းပရာ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ညောင်တုန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ သဇင်ရေကျော် ကျေးရွာအုပ်စုအတွင်းမှ တောင်သူလယ်သမားများ တက်ရောက်လေ့လာကြသည်။

အဆိုပါစပါးခင်းကိုတစ်ဧကကွက် စံကွက် ရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့ ချိန်တွယ်ရာ တစ်ဧက တင်း ၁၃၀ ထွက်ရှိကြောင်းသိရသည်။ **(အပေါ်ပုံ)**

ရှင်းလင်း

ယင်းစမ်းသပ်စိုက်ပျိုးအောင်မြင်မှုနှင့်ပတ်သက်၍ တောင်သူ ဦးမင်း၏ သားဖြစ်သူ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာသန်းထွင့်က မော်ဘီ ဆန်း မျိုးစပါး နို့ဆီတစ်ဘူးတွင် မျိုးစပါးစေ့ ၆၀၀၀၊ ၇၀၀၀ခန့်ရှိကြောင်း၊ နို့ဆီဘူး သုံးလုံးတွင် စပါးစေ့၁၈၀၀၀ကျော်ခန့် ရှိကြောင်း၊ ပျိုးပေါင်များဖြင့် ပျိုးထောင် ကာ ၁၀ရက်သားတွင် ပျိုးပင်များကို မြေကွက်တွင် ကိုးလက်မပတ်လည် တစ်ပင်ချင်း စိုက်ပျိုးခဲ့ကြောင်း၊ စိုက် ပျိုးမှု ၂၅ရက်ခန့်တွင် တစ်ပင်မှ ပင်ပွား ၂၀ခန့်စီ ရရှိကြောင်း၊ ၎င်းပျိုးပင်များကို မိမိစိုက်လိုသော တစ်ဧကကွက်တွင် နှစ်ပင်စီ လုံလုံလောက်လောက် စိုက်နိုင် ကြောင်း၊ တစ်ဧကအတွက် ရေတင်ခ အပါအဝင် ကုန်ကျစရိတ် ၇၄၈၃၅ကျပ် ခန့်သာ ကုန်ကျသဖြင့် တစ်ဧက စပါးတင်း ၁၀၀ထွက်ရုံဖြင့် ငွေကျပ် လေးသိန်းခန့် မြတ်နိုင်ကြောင်း ရှင်း လင်း ပြောကြားသည်။ **(၀၉၈)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုဖြင့် ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့အဝင် ဆိုင်းဘုတ်အနီး မြေကာနံရံတည်ဆောက်ခြင်းနှင့် မြေယာရှုခင်းအလှ ဆင်ခြင်းလုပ်ငန်းကို မတ် ၂၇ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်း တို့က ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ် ပြန်/ဆက်)

ရပ်ရွာပညာပဒေသာဌာနဖွင့်ပွဲ ဟိုပုံးမြို့၌ကျင်းပ
ရပ်မြင်သံကြားပြစက်၊ပရိဘောဂနှင့် စာအုပ်များလှူဒါန်း

ဟိုပုံး ဧပြီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ရပ်ရွာပညာပဒေသာ ဌာနဖွင့်ပွဲ အခမ်းအနားကို မတ် ၁၁ ရက်က ဟိုပုံးမြို့နယ် နမ့်ခုတ်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအောင်သူဦးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်တို့ တက်ရောက်အမှာစကား ပြောကြားကြသည်။

အခမ်းအနားကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါချို့နှင့် ဒေသခံရပ်မိရပ်ဖ ဦးစံလှတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စေတနာရှင်၊ အလှူရှင်များက ရုပ်မြင်သံကြားပြစက်၊ အပ်ချုပ်စက်၊ နာရီ၊ ပရိဘောဂ၊ သုတ၊ ရသစာအုပ်နှင့်မဂ္ဂဇင်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်/ ဆက်ဦးစီးဌာနတို့ပူးပေါင်း ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ရွှေတောင်၌ကျင်းပ

ရွှေတောင် ဧပြီ ၁၀

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေး နှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို မတ် ၃၁ရက် က အိုးထိန်းကုန်းအုပ်စု ရှင်ငယ်ရွာသစ်ကျေးရွာ မူလတန်း ကျောင်း၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မာရီက အမျိုးသမီးရေးရာအဖွဲ့အကြောင်း နှင့်လုပ်ငန်းစဉ်များ၊ မြို့နယ်ဥပဒေအရာရှိဒေါ်လှကြည်က အမျိုးသမီးထုနှင့် ပတ်သက်သည့် ဥပဒေရေးရာများ၊ ကျန်းမာရေးဦးစီးဌာန မယားမာန် ကျန်းမာရေးဆရာမ ဒေါ်သန်းနွယ်အေးက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ များ၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဦးခင်မောင်က ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအကြောင်း တို့ကို ဟောပြောကြသည်။

ဆွေးနွေး

ဆက်လက်၍ တက်ရောက်သူများက နံရံကပ်စာ စောင်၊ ဓာတ်ပုံပြပွဲနှင့်စာအုပ်ပြပွဲများကို ကြည့်ရှု၍ အစုအဖွဲ့ လိုက် စာဖတ်ဝိုင်းများ ပြုလုပ်ကာ အပြန်အလှန် ဆွေးနွေး ကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရေကျော်များ

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် တွင် ပြုပြင်ဆောင်ရွက်မည့် နဘူးအိုင်-ဆီမီးခုံလမ်းကြောင်း ပေါ်ရှိ ရေကျော်များကို ခေတ္တ အမှုဆောင်အရာရှိ ဦးသိန်းအောင် ကွင်းဆင်းစစ်ဆေးရာလက်ထောက် အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဖခင် ဒေါက်တာ ဦးပါမောက်အား ရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၁၂၂/၁နေ မိခင်ဒေါ်ခင်ရီနှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့် ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်း

ကော့သောင်း ဧပြီ ၆

ကော့သောင်းခရိုင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်းပွဲကို မတ်၂၆ရက် နံနက် ၉နာရီက ပြည်တော်အေးစေတီ ဓမ္မဗိမာန်တွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့ပေါ်၁၁ ရပ်ကွက်မှ သင်တန်းသား ၁၀၂၅ဦး ဖြေဆိုကြရာ ရပ်ကွက်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများကို မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် ဆုငွေများ ချီးမြှင့်ကြသည်။ **(၃၈၉)**

ဒေါ်ခင်စုအား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်အင်းစိန်လမ်း အမှတ်(၇၃/ဘီ) နေ ဦးလှအောင် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ ၈ ကား ဝါ လမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နီ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပျိုရွယ်သူမျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ တွန်းဇန်၌ ကျင်းပ

တွန်းဇန် ဧပြီ ၁၂

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ဧပြီ ၆ ရက် မွန်းတည့် ၁၂ နာရီက တွန်းဇန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါက အဖွင့်အမှာစကား ပြောကြားပြီး ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာများ ရှင်းလင်းသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အမှုဆောင်ဒေါ်ခင်သန်းနွဲ့က လူငယ်နှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း၊ ဖလမ်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုမိုတင်ဦးက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဆောင်ရွက်ရမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။

ပေးအပ်

ထို့နောက် တွန်းဇန်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ဦးက အသင်းဝင်လျှောက်လွှာ၁၅၀ကို ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါထံ ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ထပ်ဆင့်ဂုဏ်ပြုပူဇော်

မော်လမြိုင်ကျွန်း ဧပြီ ၁၄

မော်လမြိုင်ကျွန်းမြို့နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့ ကျက်သရေဆောင်ပုညဝိသုဒ္ဓိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ မြောင်းမြ ခရိုင်ဥက္ကဋ္ဌ ဦးအေးဟန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်နှင့် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလွင်နှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ပူဇော်

ယင်းနောက် မော်လမြိုင်ကျွန်းမြို့နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပစ္ဆိမာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စိတ္တိတာလင်္ကာရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျွန်းခယ်မကျေးရွာ ရတနာ မှန်ကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ တေဇာနန္ဒာဘိဝံသနှင့် ဂန္ထဝါစကဘွဲ့တံဆိပ်တော်ရ ပုညဏရိ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဇာဂရတို့အား ခရိုင်ဥက္ကဋ္ဌ ဦးအေးဟန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့်အဖွဲ့ဝင်များ၊အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။**(အပေါ်ပုံ)(ဝ၉၇)**

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၉ ခုနှစ်
ကဆုန်လဆန်း ၈ ရက်
၂၃-၄-၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (လိမ္မော်ပြုစုပျိုးထောင်နည်းနှင့် ဖြန့်ဖြူးရောင်းချမှုအကြောင်း)
- ၁၁:၄၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ-သိပ္ပံမှူးတင်)
- ၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
- ၁၂:၂၅ အားကစားသတင်းပဒေသာ
- ၁၂:၃၅ သီချင်းကြီးပဒေသာ
  - (၁) ဥသြသံအေးပတ်ပျိုး (ကိုလေးမြင့်)
  - (၂) ဘုံလယ်ခွင်ပတ်ပျိုး (သထုံလှဝတ်ရည်)

ညနေပိုင်း

- ၁၆:၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
  - (၁) ယဉ်ပေ့တောသူ (ခင်ယုမေ)
  - (၂) ရွာသာယာဆည်တက်ပွဲ (ညီညီလေး)
  - (၃) အညာတစ်ခွင် (သန်းသန်းမေ)
- ၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
- ၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ပုရပိုက်တွေထဲက သမိုင်းအစအနများ-တိုးလှ)
- ၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
- ၁၉:၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ
- ၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) သူ့ကိုပဲချစ်ပါသည် (တင်ဦးလေး)
  - (၂) သူသိမှာပါ (ဖြူဖြူစံ)
  - (၃) လေထဲဆောက်တဲ့အိမ်ကလေး (ကိုရဲဝင်း)

ပြင်ဦးလွင်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ပြင်ဦးလွင် ဧပြီ ၆

ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက် ၉နာရီက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)ရှိ ၁၉လမ်း၌ ကျင်းပရာ ပြင်ဦးလွင် ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်မင်းက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းဖြစ်သော ရပ်ကွက်ကြီး (၂)ရှိ ၁၉လမ်း ကတ္တရာလမ်းသစ် အကျယ် ၁၂ပေ၊ အရှည် ၁၄၇၅ပေကို ငွေကျပ် ၅၅၆၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးထင်အောင်က တာဝန်ရှိသူများထံ လမ်းဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်နှင့် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးနိုင်လင်းအောင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး တံတားသစ်ဖွင့်

သနပ်ပင် ဧပြီ ၁၀

သနပ်ပင်မြို့နယ် မင်းရွာစံပြကျေးရွာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၆ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌဦးဇော်ဝင်းနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဦးအေးဝင်းက တံတားတည်ဆောက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တံတားသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဦးအေးဝင်းက ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမောင်မောင်ဌေး (**အပေါ်ပုံ**) နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်ထံ ပေးအပ်သည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ရပ်မိရပ်ဖ ဦးအောင်သိန်းတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်ဌေးက တံတားသစ်ကို ကြည့်ရှုစစ်ဆေးသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာအုပ်နှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း

တံတားဦး ဧပြီ ၆

တံတားဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးဆောင်ပြီး မိုးနှံ့ခြိုကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့က ကြီးမှူးကျင်းပသည့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရေရှည်တည်တံ့ရေးနှင့် စာအုပ်စာစောင်၊ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲကို မတ်၂၈ရက် မွန်းလွဲ ၁နာရီက အဆိုပါကျေးရွာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးအေးမင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန် ဖွံ့ဖြိုးရေးနှင့် စာအုပ်စာစောင်၊ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အသင်းအလုပ်အမှုဆောင် ဦးစန်းမောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌနှင့် အလှူရှင်များက မိုးရတနာ စာကြည့်တိုက်အတွက် အလှူငွေ ကျပ် ၃၀၀၀၀ကိုပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်

ပဲခူးတိုင်း ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကကြီးမှူး၍ ဧပြီ၉ ရက်က ကညွတ်ကွင်းဈေး မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်နှင့်အညီ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဒိုက်ဦး–စစ်တောင်းရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဖဲကြိုးဖြတ်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက နေပြည်တော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု လိုအပ်ချက် တိုးမြှင့်လာသည့်အတွက် နေပြည်တော်ကို ဗဟိုပြု၍ တိုးတက်လာသော ခရီးသွားပြည်သူများနှင့် ကုန်စည်ပို့ဆောင်ရေး လွယ်ကူလျင်မြန် ဆက်သွယ်သွားလာပို့ဆောင်နိုင်ရန် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ရန်ကုန်–မန္တလေး–မြစ်ကြီးနား ရထားလမ်းပေါ်ရှိ ဒိုက်ဦးဘူတာနှင့် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ် ရထားလမ်းပေါ်ရှိ စစ်တောင်းဘူတာတို့အား ဆက်သွယ်ဖောက်လုပ်ထားသည့် ဒိုက်ဦး–စစ်တောင်းရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ပဲခူးတိုင်း ဒိုက်ဦးမြို့ရှိ ဒိုက်ဦးဘူတာ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက် အမှာစကားပြောကြားပြီး ရထားလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ ***စာမျက်နှာ ၁၂ ကော်လံ ၁*** ✡

ဒိုက်ဦး–စစ်တောင်းရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ဤသို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ (မြန်မာ့အလင်း)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒိုက်ဦး–စစ်တောင်းမီးရထားလမ်းသစ် ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ မော်လမြိုင်မှနေပြည်တော်သို့ တောက်လျှောက်ရထားစီးသွားနိုင်ပြီ ထားဝယ်–နေပြည်တော်–မန္တလေး–မြစ်ကြီးနား တစ်ဆက်တည်းသွားခွင့်ရ ဒေသခံပြည်သူတို့ ကြည်နူးဝမ်းသာမဆုံး ရွှင်ပြုံးအားရ ပီတိပြာလျက်ရှိ

ကွင်းဆင်းတွေ့ဆုံမေးမြန်းသူ–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၁

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးသောကဏ္ဍအဖြစ် ပါဝင်သည်။ နယ်မြေဒေသများတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ပြည်သူများ ခရီးသွားလာရေးလွယ်ကူပြီး ကုန်စည်စီးဆင်းမှုများလည်း မြန်ဆန်လာကာ ဒေသဖွံ့ဖြိုးတိုးတက်မှု အချိန်တိုအတွင်းဖြစ်ထွန်းလာပြီး နိုင်ငံတော်လည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

ဖွင့်လှစ်ခဲ့

ထိုသို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် ကြိုးပမ်းဆောင်ရွက်နေသော ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ရန်ကုန်–မန္တလေး ရထားလမ်းပေါ်ရှိ ဒိုက်ဦးဘူတာနှင့် ဝေါမြို့နယ် စစ်တောင်းတံတားအနောက်ဘက် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ် ရထားလမ်းပေါ်ရှိ ဆပ်သွားကုန်းဘူတာတို့ကို ဆက်စပ်ထားသော ဒိုက်ဦး–စစ်တောင်းရထားလမ်းသစ်ကို ဧပြီ ၂၁ ရက် နံနက်ပိုင်းက ဖွင့်လှစ်ပေးခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

ဒိုက်ဦး–စစ်တောင်း ရထားလမ်းပိုင်းဘူတာတစ်ရုံဖြစ်သော ဆပ်သွားကုန်းဘူတာမှ ဒေသခံကျေးရွာပြည်သူများက ဤသို့ ရထားကိုကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

"အရင်က ဒီနေရာတွေမှာ သွား လာ ရေး မလွယ်ကူဘူး၊ အခုဆိုရင် သွားချင်တဲ့နေရာကို မီးရထားစီးပြီး သွားလို့ ရပြီ"

မဝါဝါလွင် (အထက်ကွေ့ ကျေးရွာ)

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)